
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဒေါ်ရွှေ (မြ-၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်)<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | ♦ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ♦ | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | ♦ | ၂၀၁၄ ခုနှစ်၊ မေလ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၂၀၀၀ ကျပ် |

ရှုဝန်
ဝေထေစဝ်းထိုလှည့်စားနိုင်တယ်
စိုးမိုးစာပေ၊ ၂၀၁၄
၂၆၀-စာ၊ ၁၃ x ၁၀ စင်တီ။
ရှုဝန် / ဝေထေစဝ်းထိုလှည့်စားနိုင်တယ်


(၁)

"ဒေါက် . . . ဒေါက်"

"ဘယ်သူလဲ"

"အရှုးမကြီး မစာဥ"

"ဟင် . . . ဘယ်က အရှုးမကြီးလဲ"

"မသိဘူးလေ၊ ငယ်ငယ်တုန်းကအတိုင်း မေးနေတယ်ထင်လို့"

"အောင်မယ် . . . ရာရာစစ၊ ဒါကစားနေတာ မဟုတ်ဘူးကွ၊ ဖြေစမ်း . . . တံခါးကို တဒေါက်ဒေါက်နဲ့ လာခေါက်နေတာ ဘယ်သူလဲ"

"ကျွန်တော် တင်အောင်သန်းထွေးဝင်းပါ"

"ဘယ်က တင်အောင်သန်းထွေးဝင်းလဲ။ မင်းနာမည်ကလည်း ရှည်လိုက်တာကွာ။ ဒါ . . . နတ်ပြည်ကိုဝင်တဲ့ တံခါးကွ ခေါက်ချင်တိုင်းခေါက်လို့ မရဘူးဆိုတာ မသိဘူးလား"

www.burmeseclassic.com



"သိပါတယ်. . . တံခါးမှူး"

"အောင်မယ် ငါ့နာမည် တံခါးမှူး မဟုတ်ဘူးကွ၊ နာမည် ရှိတယ်၊ ဒါပေမယ့် ငါ့နာမည်က မင်းနာမည်ထက်ရှည်တော့ လွယ်လွယ်ပြောရရင် စောင့်နတ်လို့ပဲခေါ်"

"ဘာ. . . စောက်နတ် ဟုတ်လား"

"ဟော့ကောင်. . . စောင့်ရှောက်တဲ့နတ်။ တစ်ခုခုကို စောင့်ရှောက်တဲ့နတ်လို့ ပြောတာကွ၊ အခု တံခါးမှာ တာဝန်ကျတော့ တံခါးစောင့်ရှောက်နတ်။ ကဲ စကားမများနဲ့ကွာ။ ဘာကိစ္စ တံခါး လာခေါက်တာလဲ"

"နတ်ပြည်ထဲ ဝင်ချင်လို့"

"အံမယ်. . . မင်းက သေပြီးသားလား"

"သေပြီထင်တာပဲ"

"ဟင်. . . ကိုယ့်ကိုကိုယ် သေလို့သေမှန်းတောင် မသိဘူးလား"

"ဒါကတော့ ဘယ်သိမလဲဗျ"

"ဒါဆို မင်းက နတ်ပြည်ထဲ ဝင်ခွင့်မရှိသေးဘူး"

❑

BURMESE CLASSIC

(၂)

"ကျွန်တော်သိတဲ့အချိန်မှာ မီးခိုးတွေလိုလို၊ တိမ်တွေလိုလိုထဲ ရောက်နေတာ သိတယ်။ ဒီတော့ ကျွန်တော်က နတ်ပြည် ရောက်လာတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်လေ"

"အဲဒါ ဘာဖြစ်လို့ ကျွန်တော့်ကို နတ်ပြည်ထဲ ပေးမဝင်သလဲ"

ထိုလူ့စကားကြောင့် စောင့်နတ်မှာ ခေါင်းကုတ်ဖင်ကုတ် ဖြစ်သွားသည်။

"ဒီလိုရှိတယ်ကွ"

"အင်း. . . ဆိုပါဦး"

"မင်းက နတ်ပြည်ရောက်လာတာတော့ မှန်တယ်။ ဒါပေမဲ့ မင်းရောက်နေတဲ့နေရာက နတ်ပြည်ရဲ့ နယ်နမိတ်အစပ်လို့ ပြောလို့ရတဲ့ နေရာကို ရောက်နေတာ ဖြစ်တယ်။ ဒီတော့ နတ်ပြည်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖို့က မင်းမှာ ဝင်ခွင့်ရှိမရှိ သိဖို့လိုတယ်။ ငါ့လက်ထဲမှာ ကိုင်ထားတဲ့ ရွှေသားရေပရပိုဒ်ထဲမှာတော့ မင်းနာမည်. . . ဘယ်သူ"

"တင်အောင်သန်းထွေးဝင်းလေ"

"အေး. . . မင်းနာမည်တော့ မပါဘူး"

"မှားများ မှားနေသလား"

"မမှားဘူးကွ၊ ငါသေချာကြည့်ထားတယ်။ ဒီနေ့အတွက် နတ်ပြည်ထဲကို ရောက်လာစရာ တစ်ဦးတစ်ယောက်မှ မရှိဘူးကွ"

"ဒါဆို ကျွန်တော်က ဘာဖြစ်လို့ ဒီရောက်နေလဲ"

"မင်း ငရဲပြည် သွားမေးကြည့်ပါလား"

"ဘာဗျ၊ ကျွန်တော်က ငရဲပြည် ရောက်စရာအကြောင်း မရှိဘူး"

"ဒါကတော့ ကိုယ့်ကိုကိုယ် ထင်ကြတာကိုးဗျ။ ခုနက လူနှစ်ယောက်လည်း အဲဒီလိုပဲ ကိုယ့်ကိုကိုယ် ထင်နေတာ ငရဲပြည်ကိုပဲ ညွှန်လိုက်ရတယ်။ ဘာလဲ. . . နာမည်တောင် မှတ်ထားပါတယ်။ အေးကျော်ဆိုလား ကျော်အေးဆိုလား။ အဲ. . . မင်းတို့လူတွေ မှည့်တတ်တဲ့ နာမည်ထဲကပဲကွာ"

"ကျွန်တော်က ငရဲပြည်ဝင်ရမယ့် ကံကြမ္မာပါလာရင် ငရဲပြည်နားမှာ အလိုလို ပေါ်လာမှာပေါ့။ အခု ဒီနေရာမှာပေါ်တော့ ကျွန်တော်က နတ်ပြည်ထဲရောက်ဖို့ ကံပါလာတာပဲလေ"



"အခု ခင်ဗျားရုပ်နေတာက ငရဲပြည်မှာ ခြေတစ်ချောင်း၊ နတ်ပြည်မှာ ခြေတစ်ချောင်းနော်"

"ဟင်. . . ဟုတ်လား"

❑

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ခေါင်းငိုက်စိုက်ချပြီး စောင့်နတ်ညွှန်ပြသော လမ်းကို ဦးတည်ပြီး လျှောက်သွားလေ၏။

❑

## (၃)

စောင့်နတ်ကြောင့် ထိုလူမှာ စိတ်ပျက်သွားလေသည်။

"ငရဲပြည်ကလည်း နတ်ပြည်နားမှာပဲ ရှိတာလား"

"အင်း. . . ဘယ်လိုပြောရမလဲ၊ ငရဲပြည်ကို ဆင်းရမယ့် လမ်းကြောင်းတစ်နေရာရဲ့ ဂိတ်တံခါးတစ်ခု ရှိတာပါကွ"

"ကျွန်တော်နာမည် ဒီနတ်ပြည်မှာ မပါတာတော့ သေချာတယ် နော်"

"သေချာပါတယ်ဗျာ။ စိတ်တော့ မကောင်းပါဘူး"

"အေးလေ. . . ဘယ်တတ်နိုင်မလဲ။ ကျွန်တော်ကံပဲပေါ့။ ဒါနဲ့ ငရဲပြည်ကို ဘယ်လိုသွားရမလဲ"

"ညာဘက်ချိုး၊ တည့်တည့်သွား၊ ခဏနေ တံခါးတစ်ခု တွေ့မယ်၊ ခေါက်ကြည့်လိုက်"

"အေးဗျာ. . . ကျေးဇူးပဲ"

www.burmeseclassic.com

www.burmeseclassic.com

## (၄)

“ဒေါက်. . . ဒေါက်”

“ဘယ်သူလဲ”

“ဒါ. . . ငရဲပြည်လား”

“ဘယ်သူလဲလို့ မေးနေတယ်လေ။ အရင်ဖြေ”

“အင်း. . . ငရဲပြည်တော့ သေချာလောက်တယ်။ လေသံက ခပ်မာမာနဲ့”

“ဘာတွေ ပွစိပွစိ ပြောနေတာလဲ။ မင်းနာမည် ပြောစမ်း”

“တင်အောင်သန်းထွေးဝင်း”

“အင်း. . . တင်အောင်. . . ဘယ်သူ”

“သန်းထွေးဝင်းပါ”

“နေဦး. . . ငါရှာကြည့်ဦးမယ်”

“တင်. . . အောင်. . . တင်. . . အောင်. . . ”

“တင်အောင်ဝင်းပဲ တွေ့တယ်ကွ။ မင်းနာမည်က သေ



ရောသေချာလို့လား”

“အာ. . . ကျွန်တော့်နာမည်က သေချာပါတယ်ဗျ”

“အေး. . . ငါ့ရဲ့ခွေးသားရေပရပိုဒ်ထဲမှာလည်း ဒီနေ့ရောက်မယ့်သူဟာ တင်အောင်ဝင်းလို့ ရေးထားတယ်”

“ဟင်. . . ဒါဆိုငရဲပြည်မှာ ကျွန်တော့်နာမည် မပါဘူးပေါ့။ ဟေး. . . ဟေး”

“အဲဒါ ဘာဖြစ်ရတာလဲ”

“ပျော်လို့ပေါ့ဗျ”

“ပျော်မနေနဲ့၊ ငရဲပြည်နားမှာ ပျော်နေရင် ငရဲမင်းသိတွှာဗျာတယ်ကွ။ သွားစမ်း မြန်မြန်ထွက်သွားစမ်း”

“ကျွန်တော်က ဘယ်သွားရမှာလဲ”

“နတ်ပြည်သွားပေါ့ကွ”

“နတ်ပြည်မှာလည်း ကျွန်တော့်နာမည် မရှိဘူးတဲ့”

“သေရော သေချာလို့လား”

“ဟုတ်တယ်။ သူတို့က ဒီနေ့နတ်ပြည်ကို တစ်ယောက်မှ လာစရာမရှိဘူးလို့ သေချာပြောလိုက်တာ။ ခင်ဗျားမှာက ကျုပ်နာမည် တစ်ဝက်တူတယ်ဆိုတော့ ဟိုလေ မှားရေးမိတာတို့ ဘာသို့များ ဖြစ်နေမလား”

“အောင်မယ်. . . ငရဲပြည်မှာ မှားရေးတာ မရှိဘူးကွ။ သူ့အလိုလိုပေါ်တာ”

www.burmeseclassic.com



"အင်း. . . ဒါဆို ကျွန်တော်က လူ့ပြည်ကို ပြန်ဆင်းရမယ်နဲ့ တူတယ်"

"အဲဒီလိုလည်း မရတော့ဘူး"

"ဟာ. . . နတ်ပြည်မှာလည်း ကျွန်တော့်နာမည် မပါဘူး၊ ငရဲပြည်မှာလည်း ကျွန်တော့်နာမည် မပါဘူးဆိုတော့ လူ့ပြည်ပြန်ဆင်းဖို့ပဲ ရှိတော့တာပေါ့"

"မဟုတ်ဘူးလေ၊ မင်းက သေသွားပြီ ဖြစ်တဲ့အတွက် မင်းခန္ဓာကိုယ်ကလည်း မရှိတော့ဘူး။ ပြီးတော့ ဒီအပေါ်ရောက်ပြီးရင် ပြန်ဆင်းလို့ မရတော့ဘူးကွ. . . သွားပါကွာ။ နတ်ပြည်ကိုပဲ သေချာပြန်မေးစမ်းပါ"

❑

(၂)

"ဒေါက်. . . ဒေါက်"

"ဘယ်သူလဲ"

"ဘယ်သူလဲ လုပ်မနေနဲ့ ခုနက လာမေးတဲ့တစ်ယောက်"

"ဟင်. . . ဘာဖြစ်လို့ ပြန်ရောက်လာရတာလဲ။ ငရဲပြည်တွေ့ဘူးလား"

"တွေ့တယ်"

"တွေ့ရင် ဘာဖြစ်လို့ ဒီပြန်ရောက်လာရတာတုန်း"

"အဲဒီ ငရဲပြည်မှာလည်း ကျွန်တော့်နာမည် မပါဘူးတဲ့"

"သေချာလို့လား. . . အဲဒီအေးသောင်းက"

"အာ. . . အေးသောင်းက ဘယ်သူတုန်း"

"မင်းခုနက တွေ့ခဲ့တဲ့လူလေ။ လူ့ပြည်မှာတုန်းက ငါနဲ့ သူငယ်ချင်းပဲ။ မဟုတ်တာလုပ်ပြီး ငရဲပြည်ရောက်သွားတာ။ ငရဲပြည်မှာက ဒီကောင်က နေတတ်ထိုင်တတ်တော့ တံခါးစောင့်ရနေတာ"

www.burmeseclassic.com



“ဪ. . . ဒီမှာလည်း အဲဒီလိုတွေ ရှိတာပဲလား”

“ရှိတာပေါ့ကွ”

“အဲဒါ အသာထားပါဦးဗျာ. . .။ ကျွန်တော်က အခု ရေမြေပြည်မှာလည်း ကျွန်တော့်နာမည် မရှိဘူး။ နတ်ပြည်မှာလည်း ကျွန်တော့်နာမည် မရှိဘူး။ ပြီးတော့ လူ့ပြည်လည်း ပြန်ဆင်းလို့ မရတော့ဘူးဆိုတော့ ဘာလုပ်ရမလဲ။ အဲဒါ ပြောဦးဗျာ”

“အေး. . . အဲဒါတော့ မင်း ‘သေမင်း’နဲ့တွေ့မှပဲ သိမှာပဲ”

“ဘာ. . . သေမင်း ဟုတ်လား”

“ဟုတ်တယ်. . . မင်းကိုခေါ်လာတဲ့ သေမင်းလေ”

❑

(၆)

“အဲဒီသေမင်းကို ဘယ်မှာတွေ့လို့ရမလဲ”

“အဲဒါတော့ ငါလည်း မသိဘူး”

“ဟင်. . . နတ်ဖြစ်ပြီး ဒါလေးတောင် မသိဘူးလား”

“ဟ. . . သေမင်းနဲ့ ငါတို့နတ်တွေက အဆင့်အတန်း မတူဘူးဟ. . .။ ငါက ဘာဖြစ်လို့ သေမင်းရှိတဲ့နေရာ သိရမှာလဲ။ ဒါပေမယ့် မင်းရှာလို့ လွယ်မှာပါ”

“ဘာဖြစ်လို့လဲ”

“သေမင်းဆိုတာ နေရာတိုင်းမှာ ရှိနိုင်တယ်လေ”

“ဟင်”

❑

www.burmeseclassic.com

www.burmeseclassic.com

## (၇)

"ကဲ. . . ကဲ၊ ငါလည်း အလုပ်တွေ ရှိသေးတယ်။ မင်းကို ခေါ်လာတဲ့ သေမင်းကို လိုက်ရှာပြီး သွားမေးချေ။ နတ်ပြည်မှာရော၊ ငရဲပြည်မှာရော ကျွန်တော့်နာမည် မပါဘူး။ ဘာဖြစ်လို့ ခေါ်လာရတာလဲ. . . ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး သွားရှာမေးချေ"

"အေးဗျာ. . . ကျွန်တော့်အဖြစ်ကလည်း လောက ဆန်းကြယ်ပါပဲ"

"ဘာကြီး"

"လောကဆန်းကြယ်လို့ ပြောတာ"

"အောင်မယ် ကဗျာတွေ ဘာတွေ ဆန်နေပါရော့လား"

"နတ်ကလည်း ကဗျာတွေ ဘာတွေ သိတာပဲလား"

"သိဆို ငါက လူ့ပြည်တုန်းက ကဗျာဆရာလေ"

"ဪ. . ."



"သေခါနီးတောင် ကဗျာရွတ်လာတာကွ"

"ဟုတ်လို့လား"

"မင်းက မယုံဘူးလား"

"ယုံသင့်မှ ယုံမှာပေါ့ဗျ"

စောင့်နတ်ကြီး ဒေါပွသွားပုံရသည်။

"ငါအခု ဒီမှာဂိတ်စောင့်ရင်း ရေးထားတဲ့ကဗျာကို ရွတ်ပြရမလား"

"ဘာအကြောင်းလဲ"

"ဟာ. . . ငါမြင်နေရတဲ့ အကြောင်းတွေကို ရေးထားတာပေါ့ကွ"

"စောင့်နတ်ကြီးက ဘာတွေမြင်ရလို့လဲ"

"စောင့်နတ်ပါကွ"

"အင်း. . . ဟုတ်ပါပြီ။ ဘာမြင်နေရလို့လဲ"

"ငါကြိုက်တဲ့ နတ်သမီးလေးမျက်နှာကိုပဲ မြင်နေရလို့ သူ့အကြောင်း ရေးထားတာပေါ့"

"ဟင်. . . ဒါဆို စောင့်နတ်ကြီးက လူပျိုကြီးလား။ အဲ . . . ဟုတ်ပါဘူး နတ်ပျိုကြီးလား"

"အဟီး"

စောင့်နတ်ကြီးက ရှက်ကိုးရှက်ကန်းဖြင့် ရယ်ပြသည်။

ဟုတ်တယ်ဆိုသည့် သဘောပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သိတာတော့ နတ်ပြည်ရောက်ရင် နတ်သမီးတွေ တစ်ဖက် ၅၀၀ စီနဲ့ ဇိမ်ပဲ"

"အဲဒါတော့ အဲဒါပေါ့ကွာ။ နတ်ပြည်ထဲမှာတောင် ကုသိုလ်ကံတွေ မတူဘူးကွ။ ငါးရာရှိတဲ့လူလည်း ရှိတာပေါ့ကွာ။ တစ်ယောက်မှ မရှိတဲ့လူလည်း. . . ရှိတာပေါ့ကွာ"

"ဒါဆို စောင့်နတ်ကြီးက ဆော်. . . အဲ နတ်သမီးတစ်ယောက်ကို ကြိတ်ကြွေနေတာပေါ့။ ဘာလဲ သူက အပျိုပဲလား"

သူ့အမေးကြောင့် နတ်ကြီးမှာ မျက်နှာပျက်သွားလေသည်။ ပြီးမှ ခေါင်းကို ခါယမ်းရင်း-

"ဟုတ်ဘူးကွ၊ နတ်သားကြီးတစ်ပါးရဲ့ ဇနီးကွ။ ပြောရရင် သူ့မယားတစ်ဖက် ငါးရာထဲက တိတိကျကျ ပြောရရင်တော့ ညာဘက်ငါးရာထဲက ဇနီးနတ်သမီးတစ်ဦးပေါ့"

နတ်ကြီးရဲ့ မျက်ဝန်းတွေက ကြေကွဲနေသလိုလို ဖြစ်သည်။

"သူများမယားဆိုတော့ မကောင်းပါဘူးဗျာ"

"အေးကွာ၊ ငါကလည်း သူ့ကိုမှ ချစ်မိနေတာကိုးကွ"

"သူကရော စောင့်နတ်ကြီးကို သိလား"

"မျက်ဝန်းအကြည့်လေးတွေတော့ ရှိပါရဲ့"

"အံမယ်"

"ပြီးတော့ သူကလည်း သူ့နတ်သားကြီးကို ကွာချင်...



...တယ်လေ"

"ဟင်. . . နတ်ပြည်မှာလည်း ဒါတွေရှိတာပဲလား"

သူက ဖြည်းညှင်းစွာ ခေါင်းညိမ့်ပြသည်။

နတ်ကြီးပုံစံကြည့်ရတာ သူ့ကိုစကား ဆက်ပြောချင်စိတ်...တော့ပုံမရ။ ထို့ကြောင့်-

"သွားတော့မယ်ဗျာ. . . စောင့်နတ်ကြီးပြောတဲ့ သေမင်း...သွားရှာရဦးမယ်" ဟုဆိုပြီး နှုတ်ဆက်လိုက်သည်။

"အေး. . . အေး၊ ဒီတည့်တည့်အတိုင်းသွား။ လမ်းမှာ...တွေ တွေ့လိမ့်မယ်။ သူတို့ကို မေးစမ်းသွားကြည့်ပေါ့"

"ဟင်. . . ဒီအပြင်မှာ ပြိတ္တာတွေရှိတယ် ဟုတ်လား"

"အေး. . . ရှိတယ်။ သူတို့ကို မေးကြည့်ပေါ့"

"မေးကြည့်လိုက်ပါမယ်ဗျာ။ သွားတော့မယ်"

သူ့ကို ပြန်ပင်မနှုတ်ဆက်နိုင်တော့။

အဝေးတစ်နေရာကို ငေးကြည့်ရင်း သူ့ကဗျာလေးကို တိုး...ရွတ်နေလေရဲ့. . .။

စာဗျာကလည်း ဘာကြီးမှန်း မသိချေ။

❑

www.burmeseclassic.com



လူမစွမ်းတော့
နတ်မ
နတ်မစွမ်းတော့
ဘယ်သူ့အားကိုးရပ့ါ
ပြောစမ်းပါ ချစ်သူ
မင်းကိုရဖို့အရေး
နတ်ပြည်ကြီးပဲ
ပြောင်းပြန်လှန်ရမလား။

□

www.burmeseclassic.com

www.burmeseclassic.com

(၈)

သူလည်း နတ်ကြီးညွှန်ပြတဲ့အတိုင်း ဆက်လျှောက်လာခဲ့သည်။ မြူခိုးတွေလိုလို၊ တိမ်တွေလိုလို ကြားထဲမှာ လျှောက်ရတော့ ကိုယ့်တို့ကိုယ် ချော်လဲမှာတောင် ကြောက်နေရသည်။

တကယ်တမ်း တွေးကြည့်ရင် သူ့အဖြစ်ဟာ အူကြောင်ကြောင်ရယ်ပါ။ ဘယ်နေရာမှ စာရင်းမပါတဲ့ လူတစ်ယောက် သေပြီး ဒီကိုရောက်လာတယ်။

ဘယ်သွားလို့ ဘယ်သွားရမှန်း မသိချေ။ ဟိုလူပြောတော့ ဟိုသွားလိုက်၊ ဒီလူပြောတော့ ဒီသွားလိုက်နဲ့ ဖြစ်နေတာပေါ့။

အခုလည်း 'သေမင်း'တဲ့။ ဘယ်လိုပုံစံရှိမှန်း မသိ။ ဘယ်နေရာမှာ ရှိမှန်းမသိချေ။

ပုံတွေထဲမှာ၊ ရုပ်ရှင်တွေထဲမှာ မြင်ဖူးတာတော့ ဝတ်ရုံနက်ကြီးဝတ်ပြီး အရိုးခေါင်းပုံစံနဲ့ လက်ထဲမှာလည်း အချွန်အတက်ကြီးတစ်ခု ကိုင်ထားတာတော့ မြင်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဝေဝေဝါးဝါးနဲ့ ဆက်လျှောက်နေတုန်း မြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် သူ့ခြေလှမ်းတွေ တုံ့ကနဲ ဖြစ်သွားသည်။

ပြတိုက်ပြဲဆိုတာ ချက်ချင်းသိလိုက်ပြီး-

"ဘယ်လိုပြတိုက်ပါလိမ့်" ဆိုပြီး ရေရွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလှပြင်နေသည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သို့သော်လည်း မှန်ပုံစံနှင့် စီထားသော မြင်ကွင်းတွင် အရိုးခေါင်းတစ်ခု ပါနေသည့်ပုံ မြင်ရသည်။

ဘာပဲဖြစ်ဖြစ် အရိုးခေါင်းပုံ ပါနေတော့ 'သေမင်း'ကို သိမလား မသိ။ ထို့ကြောင့် လှမ်းနှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ မမ"

အမျိုးသမီးက အလှပြင်နေရင်းမှ လှည့်ကြည့်သည်၊

"ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့ကို လှမ်းခေါ်ရတာလဲ"

"ဟို. . . ကျွန်တော် ခေါ်တာပါ"

"ဘာကိစ္စလဲ"

"သေမင်း ဘယ်မှာနေလဲ သိသလားလို့"

"ရာရာစစ ငါက ဘယ်သိမလဲ သွား။ငါ့မှာ ဒီအချိန်လေးပဲ အလှပြင်ရတာ"

ဆိုပြီး မှန်ဘက်ပြန်လှည့်ကာ အလှပြင်နေပြန်၏။

"အချိန်တွေ အများကြီး ရှိပါသေးတယ် မမရယ်။ သေမင်းကို ဘယ်မှာရှာလို့ရမလဲ သိတဲ့သူများ မရှိဘူးလား"

"ဟဲ့. . . ငါ့မှာ အချိန်မရှိဘူးဟဲ့။ ခဏနေရင် ငါ့ရုပ်[illegible] ဆုံးတော့မှာ။ အဲဒီကျရင် ငါက ငိုရဦးမှာဟဲ့"

ထိုအမျိုးသမီး စကားကြောင့် သူ့မှာ တအံ့တသြ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မဝံ့မရဲဖြင့်-

“မမက ဘယ်လိုမျိုး ဝင်ရှံခံနေရလို့လဲ”

“လူ့ပြည်မှာတုန်းက ငါက မိတ်ကပ်ပြင်တဲ့သူပဲဟဲ့။ ငါ့ဆီမှာ အလှလာပြင်တဲ့ အမျိုးသမီးတွေကို ဈေးကြီးကြီးယူပြီး ပစ္စည်းအပေါစားတွေ သုံးပေးတော့ သူတို့တွေက ခဏပဲလှပြီး နောက်ပိုင်း အပေါစား ပစ္စည်းတွေကြောင့် မျက်နှာပျက်စီး ရုပ်ဆိုးသွားကြတဲ့ လူတွေ ရှိကြတယ်။ အဲဒါကြောင့် ငါလည်း၊ နေ့ဘက်မှာ လှနေပြီး ညဘက်မှာ အရုပ်ဆိုး အရိုးခေါင်းပုံစံဖြစ်နေတဲ့ ပြိတ္တာဘဝ ရောက်နေတာပေါ့။ နေ့ခင်းဘက်ပျော်ပြီး ညဘက် ငိုနေရတာလေ။ သွားပါတော့ဟယ်။ ငါ့မှာ ဒီအချိန်လေးပဲ ပျော်ရတာ။ နင်သိချင်ရင် ဟိုဘက်နားမှာ အတွဲတစ်တွဲ ရှိသေးတယ်။ သူတို့ကို မေးကြည့်” ဆိုပြီး အလှဆက်ပြင်နေလေသည်။

သူလည်း ထိုအမျိုးသမီးကို သနားသွားပြီး သူမကို လှည့်ကြည့်လှည့်ကြည့်နဲ့ ရှေ့ဆက်လျှောက်လာခဲ့သည်။

ပတ်ဝန်းကျင် တစ်ခုလုံးမှာ မြူခိုးတွေပဲ တွေ့သည်။ ရှေ့ကို သိပ်မမြင်ရ. . . ။

ဒါပေမယ့်လည်း ခြေလှမ်းက အလိုလို လှမ်းနေသည်ဟု ထင်ရလောက်အောင် သွက်လွန်းလှသည်။

ခဏကြာတော့ အလှပြင်ပြိတ္တာ အမျိုးသမီး ပြောလိုက်သည့် စုံတွဲကို တွေ့လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ချစ်လား"

"ချစ်တာပေါ့လို့"

အမျိုးသမီးက အမျိုးသားရဲ့ အမေးကို ရှက်ကိုးရှက်ကန်း ဖြင့် ပြန်ဖြေသည်။

"ဘယ်လောက်ထိချစ်လဲ"

"အာ. . . သွားပါ၊ ရှက်စရာကြီး ပြောချင်ပါဘူး"

"ပြောပါ ဒါရှက်စရာမှ မဟုတ်တာ"

"သိဘူး. . . သွား"

ပြောစကားတွေအရ သမီးရည်းစားလား၊ အိမ်ထောင်သည် တွေလား ဝေခွဲမရ ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ကလည်း သိချင်တာတွေ မေးရဦးမည်။

"ဗျို့. . . အစ်ကိုကြီး"

ခေါ်ခေါ်ခြင်း သူ့စကားကို မကြားပဲ ဖြစ်နေသည်။

နောက်တစ်ခေါက် ထပ်ခေါ်လိုက်ရ၏။

"ဗျို့. . . အစ်ကိုကြီး"

ထိုအခါမှ ထိုင်နေသည့် အမျိုးသားသည် ဟိုဟိုဒီဒီကြည့် ရင်း သူ့ကိုတွေ့သွားကာ-

"ငါ့ကို ခေါ်နေတာလား"

ဟု လှမ်းမေး၏။

"ဟုတ်တယ်. . . အစ်ကိုကြီးကို ခေါ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

"သေမင်း ဘယ်မှာနေလဲ သိချင်လို့ပါ"

"အာ... သိဘူး"

ထိုသို့ပြောပြီး အမျိုးသမီးဘက် ပြန်လှည့်ကာ တီတီတာတာ ပြောနေပြန်၏။

အမျိုးသမီးကလည်း တခစ်ခစ်နဲ့ ရယ်နေ၏။

"ဗျို့... အစ်ကိုကြီး"

ထပ်ခေါ်ရပြန်သည်။ ဟုတ်တယ်လေ၊ သိချင်တာမှ မသိရသေးပဲ။

"ဟောကောင်... ငါမသိဘူးလို့ ပြောပြီးပြီလေ။ ငါ့မှာ အချိန်မရှိဘူးကွ၊ ဒီအချိန်လေးပဲ ကြည်နူးရတာ"

"လုပ်ပါဗျာ... အချိန်တွေ ရှိပါသေးတယ်။ ကျွန်တော်လည်း ဒုက္ခရောက်နေလို့ပါ။ သေမင်း ဘယ်မှာနေလဲဆိုတာ အခြား ဘယ်သူများ သိသေးလဲ"

"ငါမသိတာတော့ သေချာတယ်ကွာ။ သွား... အခြားလူ သွားမေးစမ်းပါ။ ခဏနေရင် ငါက အရိုးစုပုံစံနဲ့ ရုပ်ဆိုးဆိုးဖြစ်ပြီး ငါ့ချစ်သူက မုန်းသွားတော့မှာကွ၊ သွားစမ်းပါကွာ"

ထိုစကားကြောင့် သူလည်း တအံ့တသြ ဖြစ်သွားပြီး-

"လူ့ပြည်တုန်းက ဘာတွေများ လုပ်ခဲ့လို့ ဒီလိုဘဝရောက်နေရတာလဲဗျာ"



"ရုပ်ဆိုးဆိုး မိန်းမတစ်ယောက်ကို ပိုက်ဆံမက်ပြီး မချစ်ဘဲ ယူခဲ့ပြီး နေ့ည နှိပ်စက်ခဲ့တဲ့ အကျိုးတွေပေါ့ကွာ...။ သွားပါတော့ကွာ။ ငါ့မှာ ဒီအချိန်လေးပဲ အဆင်ပြေတာ"

ဘာပဲဖြစ်ဖြစ် ထိုသူ၏ ပြိတ္တာဘဝကို သနားသွားသည်။

လူ့ပြည်မှာ ဘာတွေပဲ လုပ်ခဲ့လုပ်ခဲ့... အခုအချိန်မှာတော့ သူဟာ စိတ်ခံစားချက်နှစ်မျိုးကို နေ့စဉ်ခံစားနေရတဲ့သူတစ်ယောက် ဖြစ်နေလေပြီ။

သူတကယ်ချစ်ရတဲ့ အမျိုးသမီးကို တွေ့ရမှ ထိုသို့အချစ်ကို တကယ်ခံစားမရတဲ့ ဘဝပုံစံ ပြိတ္တာမျိုးကို သူဘယ်လိုမှ ဆက်ကြည့်ချင်တော့...။

သူတို့စုံတွဲကိုကြည့်ပြီး လူ့ပြည်မှာ ကျန်ခဲ့သည့် သူ့မိန်းမကို သတိရမိသည်။

အခုချိန်ဆို သူ့ကိုလွမ်းဆွတ်ပြီး ငိုနေမလား။ ဘာများဖြစ်ပြီး ကျန်ခဲ့မှာလဲဆိုတာကို သိချင်စိတ်ဖြင့် သတိရသွားမိပြန်သည်။


သတိရချိန်မှာ သိပ်မကြာလိုက်ပါ။

သူ့ရှေ့မှာ မြင်ရသော မြင်ကွင်းကြောင့် ရုတ်တရက် အတွေးတွေရပ်ပြီး တအံ့တသြ ဖြစ်သွားခြင်း ဖြစ်သည်။

မြစ်သုံးစင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရေတွေမှာ မြစ်သုံးစင်းလုံးတွင် တသွင်သွင် စီးဆင်းနေ၏။

(ပုံကို သေချာကြည့်ပါက ရေများ စီးဆင်းနေသည်ကို မြင်ရသည် ဖြစ်သည်။ ပုံ. . . စာရေးသူ)

သူသည် ပထမမြစ်နားတွင် အကြာကြီး ရပ်နေပြီးနောက် ဒီမြစ်တွေကို ဘယ်လိုဖြတ်ကူးရမလဲဆိုတာကို စဉ်းစားနေမိ၏။


ဘေးပတ်ပတ်လည်မှာလည်း ဘာမှမတွေ့ရပဲ မြစ်သုံးစင်း ဆိုသော တွေ့ရသောကြောင့် မဖြစ်မနေ ဖြတ်သွားရမည့်ပုံစံ ဖြစ်နေလေသည်။

လှေမရှိ၊ တံတားမရှိ၊ ကူးဖြတ်ဖို့ နည်းလမ်းမရှိပဲ ဒီမြစ်ကို ဘယ်လိုမှ ဖြတ်ကူး၍ မရချေ။

ထို့ကြောင့် မြစ်ဘေးနားတွင် ထိုင်ချရင်း ဟိုဟိုဒီဒီ ကြည့်နေခိုက် မြင်ကွင်းတစ်ခုကို ထပ်မံတွေ့လိုက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မြစ်ကနေ ခွဲပြီး စီးဆင်းသွားသော စမ်းချောင်းလေး တစ်ခုကိုတွေ့ရပြီး မြင်းနှစ်စီးနှင့် လူနှစ်ဦးကို တွေ့ရသည်။

ထိုမြင်းနှစ်စီးနှင့် လူနှစ်ဦးမှာ တစ်စုံတစ်ခုကို လိုက်ရှာနေပုံရသည်။ သူသည် အမှတ်မထင်ဆိုသလို ကျောက်တုံးများကို ကြည့်လိုက်သောအခါ လူပုံသဏ္ဍာန် မျက်နှာပြင်များကို တွေ့လိုက်ရ၍ ထိတ်လန့်သွားလေသည်။

နောက်မှ ပြိတ္တာတွေ ဖြစ်မှာပဲဟု တွေးမိလိုက်၏။

"ဟေ့လူ. . . ဒီမှာ. . . ဟေ့လူ"

ခေါ်သံကြောင့် ဘယ်သူများလဲဆိုပြီး လိုက်ရှာမိသည်။

မြင်းပေါ်က လူနှစ်ယောက်က သူ့ကို ခေါ်နေခြင်း ဖြစ်သည်။

"ကျွန်တော့်ကို ခေါ်နေတာလား"

"ဟုတ်တယ်"

"ဟုတ်. . . ဘာများလဲဗျ"

"ဒီနားမှာ လူတစ်စုကိုများ တွေ့မိသေးလား"



သူတို့နှစ်ယောက် လိုက်ရှာနေသည့်သူမှာ ကျောက်တုံးများတွင် ကွယ်ဝှက်နေသည့်သူတွေပဲ ဖြစ်ပေလိမ့်မည်။

သူက လှမ်းပြောမလို့ ပြင်နေစဉ်တွင် ကျောက်တုံးတစ်တုံးမှ မျက်နှာတစ်ခုက သူ့ကိုခေါင်းရမ်း ပြလိုက်တာကို တွေ့ရသည်။

မပြောလိုက်ပါနဲ့ဆိုပြီး တောင်းပန်နေသည့် မျက်နှာဖြစ်သည်။ သူသနားသွားသည်။

လူပြည်တုန်းက မဆိုးတွေ လုပ်ခဲ့ပုံရသည်။ အခုတော့ သူတို့သည် ပြန်လိုက်ခံနေရပုံရသည်။

"မတွေ့ဘူးဗျ"

မြင်းနဲ့လူနှစ်ယောက်ကို သူပြန်ဖြေလိုက်သည်။

"တောက်. . . ဒီနားလေးတင်ပဲ ပျောက်သွားတာကွာ။ လာ. . . ဟိုဘက်နား ရှာရအောင်"

ပြောပြောဆိုဆိုနဲ့ တစ်ဖက်က မြူနှင်းထဲဝင်ပြီး ပျောက်ကွယ်သွားလေသည်။

"ကျေးဇူးပါပဲဗျာ"

ကျောက်တုံးမျက်နှာနဲ့ တစ်ဦးက ကျေးဇူးတင်စကားဆိုသည်။

"ရပါတယ်"

"ဘယ်သွားမလို့လဲ"

"သေမင်းကို လိုက်ရှာနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"သေမင်း ဘယ်မှာနေလဲ သိလားဗျ"

"ဒီမြစ်သုံးစင်း ဖြတ်ကျော်ပြီးရင် ရောက်ပြီလေ"

"ဟင်. . . တကယ်"

"တကယ်ပေါ့ဗျာ"

"ဒါဆို သွားမယ်ဗျာ"

သေမင်းကို တွေ့ချင်ဇောဖြင့် မြစ်ထဲကို ဆင်းမလို့ ဟန်ပြင်လိုက်သည်။

"ဟေ့လူ ဒါဘာလုပ်တာလဲဗျ"

"ရေကူးပြီးသွားမလို့လေ"

"ဟာ. . . အေးကအေးနဲ့ဗျာ။ ဟိုဘက်မရောက်ခင် ခင်ဗျား သေသွားမှာပေါ့"

သေပြီးသားလူ ထပ်သေဖို့ကိန်း ရှိနေသည်။

"မြစ်ကို ဖြတ်ဖို့က ဒီတစ်နည်းပဲ ရှိတာပဲလေဗျာ. . . ရေမကူးဘဲနဲ့ ဒီမြစ်သုံးမြစ်ကို ဘယ်လိုကျော်လို့ရမလဲ"

"နေဦး. . . နည်းလမ်း ရှိပါတယ်ဗျ။ ခင်ဗျားက ကျွန်တော်တို့ကို ကူညီထားတော့ ပြန်ကူညီရတာပေါ့။ ဒီမြစ်ကြောင်းအတိုင်း ညာဘက်ကို ဆက်လျှောက်သွားရင် မြင်းမွေးတဲ့အိမ်မှာ ဖားတွေ့လိမ့်မယ်။ အဲဒီဖားကိုစီးပြီး မြစ်ကို ကူးသွားပေတော့ ကိုယ့်လူ"

ထိုသို့ပြောပြီး ထိုကျောက်တုံးများမှာ ပြန်ငြိမ်သွား၏။



မည်သို့ဆိုသော် ခုနကမြင်းနဲ့ လူနှစ်ယောက် ပြန်ရောက်လာကြသောကြောင့် ဖြစ်သည်။

သူလည်း ခုနက မြင်ကွင်းအတိုင်း ပြန်မြင်နေရမှာစိုးသောကြောင့် မြစ်ကြောင်း၏ ညာဘက်အတိုင်း လျှောက်လာခဲ့သည်။

"မြင်းမွေးတဲ့အိမ်မှာ ဖားတွေ့လိမ့်မယ်"ဆိုတဲ့ စကားကို တွေးရင်းနဲ့ပေါ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၉)

သိပ်ကြာကြာ မလျှောက်လိုက်ရပါဘူး။ အိမ်လေးတစ်လုံးကို တွေ့ရသည်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေပြီး ထုံးစံအတိုင်း မြူခိုးဝေနေသလိုလို၊ တိမ်တွေလိုလို တွေ့ရသည်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အထဲကို ဘာမှမမြင်ရသောကြောင့် အပြင်ကပဲ လှမ်းခေါ်လိုက်သည်။

ပြန်ထူးသံ မကြားရတော့ နောက်တစ်ခေါက် ထပ်ခေါ်ရ၏။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

ဒီတစ်ခါတော့ အိပ်ချင်မူးတူးအသံဖြင့် လူတစ်ယောက်အသံကို ကြားရသည်။



"ဘယ်သူလဲ. . . ငါတို့မှာ ဒီအချိန်ပဲ အိပ်နေရတာ"

"ဟို. . . ကျွန်တော် ဖားတစ်ကောင် ငှားချင်လို့ပါ"

"ရှိဘူး. . . ဒီအိမ်က မြင်းမွေးတဲ့အိမ်"

"ဟုတ်. . . ဟိုဘက်က သူတွေက ဒီအိမ်မှာ ဖားရှိတယ်ဆိုလို့ပါ"

"ရှိပါဘူးဆို. . . သွားဗျာ. . . အိပ်ရေးပျက်တယ်။ ညဘက်ဆို ထပြေးရဦးမှာ သွားတော့"

အထဲကလူရဲ့စကားကို နားမလည်သော်လည်း သူတို့မှာ ဖားမရှိပါဟု ဆိုသောကြောင့် ရှေ့ဆက်ပြောဖို့ ခက်နေလေသည်။

အဲဒါနဲ့ ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့ မြင်းဇောင်းတစ်ခုကို တွေ့ရသည်။

"ဪ. . . ဒါကြောင့် ငါ့ကို မြင်းမွေးတဲ့ အိမ်မှာ ဖားတွေ့လိမ့်မယ်လို့ ပြောတာကိုး" ဟု တစ်ဦးတည်း ရေရွတ်ပြီးနောက် အိမ်ထဲကို-

"ဗျို့. . . အထဲကလူ ကျွန်တော် မြင်းတစ်ကောင်လောက် ငှားစမ်းပါဗျာ"

"လာပြန်ပြီလား. . . ဒီလူ ဖားမရတော့ မြင်းငှားပြန်ပြီ၊ ယူသွားဗျာ. . .။ ကျုပ်တို့ ပြိတ္တာတွေက နေ့ဘက်ပဲ အိပ်ရတာဗျ၊ ဇိမ်ယူရတာ။ ညဘက်ဆို လျှောက်ပြေးနေရတာ. . . သွား ခင်ဗျား ကြိုက်တာယူပြီး သွားတော့ လာမရှုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူလည်း မြင်းတစ်ကောင်ပုံစံ ဖားကိုယူပြီး ခုနက မြစ်သုံးစင်းနေရာကို ပြန်လျှောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မြစ်သုံးစင်းနေရာကို ရောက်တော့ ဖားမြင်းကိုစီးပြီး ခုန်ဆွဲကျော်လွှားလိုက်သည်။

ဒီလိုနဲ့ မြစ်သုံးစင်းကို ကူးဖြတ်လို့ ရသွား၏။

ထူးခြားတာက မြစ်သုံးစင်းကျော်ပြီး ရောက်သွားသော တစ်ဖက်ကမ်းသည် ကျန်ခဲ့သော ကမ်းတွေကလို မြူခိုးတွေ၊ တိမ်တွေလိုလို မတွေ့ရပဲ မှောင်မဲနေခြင်းပဲ ဖြစ်သည်။

သို့သော်လည်း မီးရောင်အစက်ကလေးတစ်ခုကို တွေ့ရသောကြောင့် နေရာတစ်နေရာ ဖြစ်မည်ဟု တွေးကြည့်မိသည်။

ထိုမီးရောင်လေး ရှိသောနေရာသည် 'သေမင်း' ရှိသောနေရာပဲလားဆိုတာ သူမသိပေမယ့်လည်း သူ့အတွက် ထိုအလင်းစက်ကလေးရှိသည့် နေရာကိုသာ သွားစရာ ရှိလေသည်။

ထို့ကြောင့် ထိုအလင်းစက်ကလေး နေရာကိုမှန်းပြီး လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် မှောင်မည်းမည်း အိမ်ကြီးတစ်လုံးကို တွေ့ရ၏။ သူမြင်ရသော အလင်းရောင်သည် အိမ်ကြီး၏ ပြတင်းပေါက်တစ်ခုကနေ ထွက်လာနေခြင်း ဖြစ်သည်။ အဝင်အဝတွင်လည်း ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။

**သေမင်း အိမ်**

သေချာသွားသောကြောင့် ခြံဝန်းထဲ လှမ်းဝင်မလို့ ပြင်စဉ်တွင် နောက်ထပ်ရေးထားသော စာကြောင့် တွန့်သွား၏။

**မဝင်ခင် အရင်အော်ခေါ်ပါ**

"ကြီးကျယ်လိုက်တဲ့ သေမင်းပဲ. . ."

အထက်ပါအတိုင်း တွေးမိလိုက်စဉ်မှာ ထိုစာတမ်းရဲ့ အောက်မှာ ရေးထားသောစာကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

**သေမင်းသည် အလုပ်များသောကြောင့် အိမ်မှာ ရှိမရှိ အရင်အော်ခေါ်နိုင်းခြင်း ဖြစ်သည်။**

**သေချာမှ ဝင်လာပါ။**

ဘာပဲပြောပြော သေမင်းသည် ရုပ်ဆိုးမှာတော့ သေချာသည်။

❑

(၁၁)

"ဗျို့. . . သေမင်း. . . ဗျို့. . . သေမင်း"

"ဘယ်သူခေါ်တာတုန်း. . . ငါနာမည် ဗျို့သေမင်း မဟုတ်ဘူးကွ"

အထဲက ပြန်အော်သံ ကြားရ၏။

"ကျွန်တော်ပါ"

မီးလင်းနေသော ပြတင်းပေါက်ကနေ ဦးခေါင်းသဏ္ဍာန်တစ်ခုထွက်ကာ အပြင်ကိုကြည့်တာ တွေ့ရ၏။

"ဘယ်က ကျွန်တော်လဲ မီးထွန်းလိုက်"

"ဟင်. . . ဘယ်လိုထွန်းရမှာလဲ၊ မီးတုတ်တို့ ဖယောင်းတိုင်တို့ ပါမှမပါပဲ"

"မလိုဘူး. . . ရှေ့မှာ မီးလုံးကြီး တွေ့လား"

"ဘယ်မှာ"

"မင်းရဲ့ ညာဘက်နားမှာ ရှာကြည့်လိုက်"

www.burmeseclassic.com


www.burmeseclassic.com



သူပြောတဲ့အတိုင်း လိုက်ရှာကြည့်မိသည်။

ကြာကြာမရှာလိုက်ရပါဘူး။ ပိတ်ထားသော မီးလုံးကြီး တစ်လုံးကို တွေ့ရသည်။

သို့သော် မီးခလုတ်ကို ရှာမတွေ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်တဲ့ မီးခလုတ် မတွေ့ဘူးဗျ. . . ဘယ်နားမှာလဲ"

"မီးခလုတ် မလိုဘူး. . . မီးလုံးက အဝိုင်းလေးကို စက္ကန့်သုံးဆယ်လောက် စိုက်ကြည့်လိုက် မီးလင်းလာလိမ့်မယ်"

"အင်း. . . ဒီသေမင်းတော့ နောက်နေပြန်ပြီ"

သူတိုးတိုးရေရွတ်တာကို သေမင်းကလည်း ကြားဖြစ်အောင် ကြားသွားသေးသည်။

"မင်းကို ငါက ဘာဖြစ်လို့ နောက်ရမှာလဲ. . . ကြည့်မှာဖြင့် ကြည့်စမ်းပါကွာ. . . အခြားနေရာတွေ လင်းလာလိမ့်မယ်"

သူပြောတဲ့အတိုင်း မကြည့်ရင် နောက်တစ်ခါ လာသတ်နေမှဖြင့်ဆိုပြီး တွေးမိသွားကာ ခပ်မြန်မြန်ပဲ မီးလုံးအလယ်က အဝိုင်းလေးကို စက္ကန့်သုံးဆယ်ခန့် စိုက်ကြည့်နေမိသည်။

သူစိုက်ကြည့်လို့ စက္ကန့်သုံးဆယ် ပြည့်တော့မှပဲ သူ့ပတ်ဝန်းကျင်တွင် မီးများ လင်းလာလေ၏။


"ဟင်"

သူ့မျက်လုံးကိုပင် မယုံနိုင် ဖြစ်သွားသည်။

သူ့မှာ အစွမ်းတွေ ရှိသွားလို့လား။ ဘာမှမသွယ်တန်းထားတဲ့ မီးလုံးကို စက္ကန့်သုံးဆယ်ခန့် စိုက်ကြည့်ရုံဖြင့် မီးလင်းလာသည်ဆိုတော့ တအံ့တဩ ဖြစ်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးလုံးအဝိုင်းကို စက္ကန့်သုံးဆယ်ခန့် စိုက်ကြည့်ပြီး အဝိုင်းထဲကို ကြည့်လိုက်ပါ။ တစ်ဖက်ပါ မီးလုံး မီးလင်းလာသလို တွေ့ရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မီးလင်းသွားသောကြောင့် သေမင်းက သူ့ကို တွေ့သွားခဲ့ရသည်။

"ဝင်ခဲ့လေ. . . တံခါးဖွင့်ထားတယ်"

တံခါးဝကို တွန်းဖွင့်လိုက်သောအခါ အသာတကြည်ပဲ ပွင့်သွား၏။

ခြေလှမ်းအနည်းငယ် လှမ်းပြီးသောအခါ ချက်ချင်းဆိုသလိုပင် အိမ်ပေါ် ရောက်သွား၏။

"ကဲ. . . ထိုင်"

အိမ်ထဲရောက်ရောက်ချင်းမှာပဲ အသံကြောင့် လန့်သွားလေသည်။

ဥပမိရုပ်ကောင်းကောင်းပုံစံနှင့် သူတစ်ယောက်ကို တွေ့ရသည်။

"သေမင်းလား"

သူမဝံ့မရဲ မေးလိုက်သည်။

ဟုတ်တယ်လေ သူမှ သေမင်းကို မတွေ့ဖူးပဲ။

"အင်း"

"ဝတ်ရုံနက်ကြီးရော"

"ဘာကြီး"

"ဟို. . . အမည်းရောင်လိုလို ဘာလိုလို အဝတ်ကြီးရော"

သူမေးလည်း မေးချင်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တွေထဲမှာ တွေ့ဖူးသည့် သေမင်းနှင့် အခုတွေ့နေရသည့် သေမင်းသည် လွန်စွာခြားနား၏။

'သေမင်း'လို့ သူ့ကိုယ်သူပြောပြီး လိမ်နေတာလား မသိ။

သိပ်တော့ မယုံချင်ပေ။

ထို့ကြောင့် အိမ်ထဲကို မျက်လုံးကစားကြည့်မိသည်။

ယခု သူ့ရှေ့မှာ ရပ်နေသော သူမှလွဲ၍ အခြားဘယ်သူမှ မတွေ့ရချေ။ သူ့အဖြစ်ကို သေမင်းကလည်း ရိပ်မိပုံရသည်။

"ရုပ်ရှင်တွေထဲက သေမင်းပုံစံနဲ့မတူလို့လား"

"အင်း"

သေမင်းပြုံးပုံက သေမင်းနဲ့ မတူလိုက်တာ။

နေတိုးပြုံးသလိုလို၊ ပြေတီဦးပြုံးသလိုလိုနဲ့ ဘယ်နှယ့်မှန်းမသိ။ ဘယ်လိုခံစားရမှန်းမသိနဲ့ ဖြစ်နေသည်။

"တကယ်တော့ ငါ့မူလပုံစံက မင်းအခုတွေ့နေတဲ့ ပုံစံပါပဲ။ မင်းတို့ လူ့ပြည်ကသာ ငါ့ကို အရိုးခေါင်းလုပ်လိုက်၊ အခြားဒီဇိုင်းလုပ်လိုက်နဲ့ ဖြစ်နေတာ"

"သေမင်းကို မြင်မှ မမြင်ဖူးပဲနဲ့ သူတို့စိတ်ထဲရှိတာ ဆွဲထားတာနေမှာပေါ့ဗျ. . . ပြီးတော့. . ."

"အင်း"

"သေရင်. . . လူတိုင်းအရိုးစုပဲ ဖြစ်သွားမှာလေ။ ဒီတော့ သေမင်းကလည်း အဲဒီပုံစံပဲဆိုပြီး ထင်ကြတာပေါ့ဗျ"



"အေးလေ. . . မင်းပြောတာလည်း ဟုတ်ပါတယ်။ အဲဒီလိုဖြစ်လာတာလည်း (၁၅) ရာစုနှစ်လောက်ထဲက စတာကွ၊ ဝတ်ရုံနက်တွေ၊ အရိုးစုပုံစံတွေ၊ အချွန်အတက်ကိုင်ထားတာတွေနဲ့ ငါ့ကိုသရုပ်ဖော်ထားတာပေါ့ဗျာ၊ အင်္ဂလိပ်လိုတော့ ငါ့ကို "The Grim Reaper"လို့ ခေါ်တယ်"

အင်္ဂလိပ်စာတတ် သေမင်းပဲလို့ စိတ်ထဲ တွေးမိသည်။

"ဘာသာတိုင်းမှာတော့ ငါတို့သေမင်းတွေကို ပုံစံအမျိုးမျိုးနဲ့ ဖော်ပြကြတာပေါ့ကွာ၊ ပြီးတော့. . ."

"နေ. . . နေပါဦးဗျာ"

"ဘာလဲ"

❑

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"အဲဒါတွေ အသာထားပါဦး၊ ကျွန်တော်သိချင်တာက ကျွန်တော့်ကို ခင်ဗျားက ဘာဖြစ်လို့ ခေါ်လာတာလဲ၊ နတ်ပြည်မှာလည်း ကျွန်တော့်နာမည် မရှိ၊ ငရဲပြည်မှာလည်း ကျွန်တော့်နာမည် မရှိဘဲနဲ့"

"အာ. . . အဲဒါတော့ ငါလည်း မသိဘူးလေ"

"ဟင်. . . ခင်ဗျားက သေမင်း မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမယ့် ငါက မင်းကို ခေါ်လာတဲ့ သေမင်းမှ မဟုတ်တာ"

"ဒုက္ခပဲ၊ သေမင်းက ဘယ်နှစ်ယောက်တောင် ရှိနေလို့လဲ"

"ဟ. . . ဒီလောက် လူတွေအများကြီးကို သေမင်းက ငါ တစ်ယောက်ပဲ ရှိနေရင် ဘယ်လွယ်မလဲကွ၊ စဉ်းစားကြည့်ပါဦး"

သူ့မှာ စိတ်ညစ်သွားလေသည်။

လာလမ်းတစ်လျှောက် သေမင်းကိုတွေ့ဖို့ အမျိုးမျိုး မေးမြန်းလာသော်လည်း သေမင်းကို တွေ့သည့်အခါ သူ့ကို ခေါ်ခဲ့သည့် သေမင်းမဟုတ်ဘဲ ဖြစ်နေသည်။

"ဒါဆို. . . ကျွန်တော့်ကို ခေါ်ခဲ့တဲ့ သေမင်းက ဘယ်သူလဲ"

"မသိဘူး၊ ငါ မဟုတ်တာတော့ သေချာတယ်"

"ခင်ဗျားတို့အချင်းချင်းပဲဗျာ၊ ကျွန်တော့်ကို ခေါ်ခဲ့တာ ဘယ်သူလဲဆိုတာတော့ သိရမှာပေါ့။ ခင်ဗျားမပြောချင်လို့ မှတ်လား"

"ဒီကောင်တော့ ခက်နေပြီ၊ မင်းတို့ လူအချင်းချင်းတောင် တစ်ယောက်နဲ့တစ်ယောက် သိလို့လား၊ ဒီတော့ ငါတို့ သေမင်းတွေမှာလည်း အများကြီးဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်သိနိုင်မလဲ"

သူပြောတာ ဟုတ်နေသောကြောင့် သူလည်း ငြိမ်နေလိုက်သည်။ ထို့နောက်-

"ဒါဆို ကျွန်တော်က ကျွန်တော့်ကို ခေါ်ခဲ့တဲ့ သေမင်းကို ဒီအတိုင်းပဲ လိုက်ရှာပြီး၊ သေမင်းတစ်ယောက်ဆီကို ကျွန်တော့် ခေါ်ခဲ့တဲ့ သေမင်းလားဆိုပြီး လိုက်မေးရမှာလား"

"အင်း. . . အဲ့ဒီလိုလည်း မလွယ်ဘူးလေကွာ"

"ဒါဆို ကျွန်တော့်ကို ဘယ်သူခေါ်ခဲ့လဲ၊ ခင်ဗျား စုံစမ်းပေးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ... အဲဒီလောက်လည်း ထပ်မလွယ်ပြန်ဘူး"

"ဟာ... ဒါဆို ကျွန်တော်က မသိရတော့ဘူးပေါ့"

"ဒီလိုလည်း မဟုတ်ပြန်ဘူး"

သေမင်းစကားကို နားမလည်သောကြောင့်-

"ဘယ်လို မဟုတ်ပြန်တာလဲ ပြောပါဦး"

"ဒီလိုကွာ... မင်းကို ခေါ်ခဲ့တဲ့ သေမင်းကိုသိတဲ့သူ တစ်ယောက်ပဲ ရှိတယ်"

"ဟင်... ဟုတ်လား၊ ဘယ်... ဘယ်သူလဲ"

သေမင်းက တစ်လုံးချင်း ရေရွတ်ပြသည်။

"မင်းရဲ့... ကိုယ်စောင့်နတ်"

❑

## (၁၃)

"ကလေးတစ်ယောက် မွေးလာရင် အဲဒီကလေးကို စောင့်ရှောက်ဖို့အတွက် နတ်ပြည်က ကိုယ်စောင့်နတ်တစ်ပါး လွှတ်ပေးရတယ်။ အဲဒီကိုယ်စောင့်နတ်က အဲဒီကလေး ရှင်သန်နေသ၍ စောင့်ရှောက်ရတယ်။ တကယ်လို့ သေမင်းတစ်ပါးပါးက အဲဒီလူ သေဆုံးခါနီး တစ်ပတ်အလိုမှာ အဲဒီလူ သေဆုံးတော့မယ်လို့ ကိုယ်စောင့်နတ်ကို လာအသိပေးရတယ်။ အဲဒီအခါ ကိုယ်စောင့်နတ်က အဲဒီလူရဲ့ ခန္ဓာကိုယ်ကနေ ထွက်ခွာရတယ်။ ဒီတော့ မင်းကို လာခေါ်ခဲ့တဲ့ သေမင်းကို တွေ့ဖူးတာဆိုလို့ မင်းကိုယ်စောင့်နတ်တစ်ပါးပဲ ရှိတယ်"

"သူ့ကို ဘယ်မှာတွေ့လို့ရမလဲ"

"သူက သူ့တာဝန်ဖြစ်တဲ့။ မင်းကသေသွားတဲ့အတွက် မင်း ခန္ဓာကိုယ်မရှိတဲ့အတွက်ပေါ့ကွာ၊ တာဝန်ပြီးဆုံးလို့ နတ်ပြည် ပြန်သွားပြီကွ၊ မင်း သူ့ကိုတွေ့ချင်ရင် နတ်ပြည်ထဲ ဝင်ရှာမှ ရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နတ်ပြည်က ကျွန်တော့်ကို ပေးမှ မဝင်တာဗျ၊ သူ့ကို ဘယ်သွားရှာမလဲ"

"ဒီလိုပဲ ကြည့်ကြစ် ပြောကြည့်ပေါ့ကွာ"

"ခင်ဗျားတို့ စနစ်တွေကလည်း ရှုပ်နေတာပဲဗျာ၊ ခေါ်တဲ့ သေမင်းကလည်း ကျွန်တော့်ကို မသေချာဘဲနဲ့ ခေါ်တယ်။ ထွက်သွားတဲ့ ကိုယ်စောင့်နတ်ကလည်း သေမင်းပြောတာ ဟုတ်မဟုတ် မစစ်ဆေးဘဲနဲ့ အလျှင်စလို ထွက်သွားတယ်"

သူက ဒေါသတကြီး ရေရွတ်လိုက်လေသည်။

□

(၁၄)

"ဒေါက်. . . ဒေါက်"

"ဘယ်သူလဲ"

"ကျွန်တော်ဗျ၊ ကျွန်တော်"

"အောင်မာ. . . လေသံက ဒေါသထွက်နေတဲ့ လေသံနဲ့"

"ဒေါသထွက်ရမှာပေါ့ဗျ၊ ခင်ဗျားတို့လုပ်ပုံမှ မဟုတ်တာ"

"ဟ. . . ငါတို့က ဘာမဟုတ်တာ လုပ်လို့လဲ"

"နတ်ပြည်မှာ ကျွန်တော့်နာမည် မပါဘူးဆိုလို့ ခင်ဗျားက ငရဲပြည် လွှတ်လိုက်တယ်၊ ငရဲပြည်မှာလည်း နာမည်မပါဘူးဆိုပြီး တော့ သေမင်းကို ရှာခိုင်းတယ်"

"ဟုတ်တယ်လေ. . . မတွေ့ဘူးလား"

"တွေ့တော့ တွေ့တယ်"

"တွေ့တာကို ဒေါသတကြီးနဲ့ ဘာဖြစ်လို့ပြန်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသေမင်းက ကျွန်တော့်ကို ခေါ်ခဲ့တဲ့ သေမင်း မဟုတ်ဘူးတဲ့"

"ဟင်. . ."

စောင့်နတ်မှာ စိတ်ညစ်သွားပုံရသည်။

ထို့ကြောင့် သူ့ကို စကားတစ်ခွန်း မေးလိုက်သည်။

"အဲဒီတော့ မင်း ဘာဆက်လုပ်မလဲ"

"ကျွန်တော် နတ်ပြည်ထဲ ဝင်ချင်တယ်"

"အာ. . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကျွန်တော့်သေမင်းကို တွေ့ဖူးတဲ့သူဆိုလို့ ဒီနတ်ပြည်ထဲကို ပြန်ရောက်နေတဲ့ ကျွန်တော့် ကိုယ်စောင့်နတ်တစ်ပါးပဲရှိတာ။ ဒီတော့ သူနဲ့တွေ့ပြီး မေးကြည့်မှ ရမှာပေါ့ဗျ"

သူ့ရဲ့အဖြေစကားကြောင့် တံခါးစောင့်နတ်ကြီးမှာ တွေဝေသွားလေသည်။

❑

(၁၅)

"အင်း. . . မင်းပြောတာက ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ငါက အဲဒီလောက်ထိ မင်းကို နတ်ပြည်ထဲခေါ်ဖို့ အာဏာမရှိဘူးကွ"

"ဒါဆို. . . ခင်ဗျားတို့ နတ်မင်းကြီးချုပ်၊ ဒါမှမဟုတ် သိကြားမင်း ရှိမှာပေါ့။ သူ့ကို သွားပြောပေးပါလား၊ ဒီလိုရှိတယ်ဆိုပြီးတော့ပေါ့"

"အာ. . . သူနဲ့ ငါနဲ့က အဆင့်အတန်း မတူဘူးလေကွာ၊ ဘယ်သွားပြောရမလဲ"

"ခင်ဗျားတို့ဆီမှာလည်း အဆင့်အတန်းခွဲတာ ရှိတာပဲလား"

"ရှိတာပေါ့ကွ၊ မင်းက ငါတို့နတ်ပြည်အကြောင်း သိမှမသိဘဲနဲ့"

"ထားပါတော့၊ ဒါပေမယ့် ကျုပ်ကို နတ်ပြည်ထဲ တရားဝင်

www.burmeseclassic.com



ဝင်ခွင့်မရရင် တရားမဝင်ရော ခိုးသွင်းလို့ မရဘူးလား”

“အမယ်လေး၊ မလုပ်နဲ့ မောင်ရင်၊ ငါ ဒုက္ခရောက်သွားလိမ့်မယ်၊ နတ်မင်းကြီးက အကုန်သိတဲ့ နတ်လည်ကြီးကွ၊ မလုပ်နဲ့ မလုပ်နဲ့”

“သူ မသိလောက်ပါဘူးဗျ၊ အခုအချိန်ဆို သူလည်း နတ်သမီးလေးတွေနဲ့ ပျော်ပါး မေ့နေလောက်တော့ ကျွန်တော် ခိုးဝင်လာတာကို သိချင်မှသိမှာပါဗျာ”

“အောင်မယ်. . . နတ်မင်းကြီးက နတ်သမီးတွေနဲ့ ပျော်ပါးရင် မေ့တတ်တယ်လို့ မင်း ဘယ်သူပြောလဲ”

“နတ်ပြည်မှာ ကမ္မဋ္ဌာန်းတရား အားထုတ်ဖို့ မပြောနဲ့ ဥပုသ်မကျိုးအောင် စောင့်စည်းဖို့ အတော်ခက်တယ်တဲ့။ နတ်သမီးတွေ ပွတ်သီးပွတ်သပ်လုပ်တဲ့အတွက် သီလ ပျက်ရတာလည်း များတယ်တဲ့။ ဥပမာအနေနဲ့ ပြောရရင် စမ္ပေယျ နဂါးမင်းတို့ နဂါးပြည်မှာ မကြာခဏ ဥပုသ်ကျိုးပုံတွေ၊ ဝိဓူရဇာတ်တော်က သိကြားမင်းတို့ လူ့ပြည်ဆင်းပြီး ဥပုသ်စောင့်ရတာတွေကို ကြည့်မယ်ဆိုရင် နတ်သမီးလေးတွေကြောင့် အရာရာ မေ့လျော့နေပုံရတယ်ဗျ။ ကုန်ကုန်ပြောရရင် ဘုရားအလောင်းတော်တောင် ပါရမီဖြည့်ခွင့်ရတဲ့ နတ်ပြည်မှာ သက်တမ်းစေ့အောင် မနေရဘဲ စုတေခြင်းတစ်မျိုးဖြင့် စုတေအောင် မိဋ္ဌာန်ပြီး လူ့ပြည်မှာသာ ပါရမီဖြည့်တော်မူတယ်ဆိုပြီး မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ကိုယ်ကျင့်အဘိဓမ္မာ



စာအုပ်ထဲမှာ ဖတ်ဖူးတာပဲဗျ၊ ဒီတော့ ကျုပ်ကို ခိုးသွင်းရင် ဘာမှ မဖြစ်နိုင်ပါဘူးဗျာ”

တံခါးစောင့်နတ်မှာ နည်းနည်းတော့ တွေဝေသွားသည်။

“ပြီးတော့ တံခါးစောင့်နတ်ကြီး ချစ်ရတဲ့ နတ်သမီးလေးကို လိုက်ကြည့်ပြီး နတ်မင်းကြီးနဲ့ လိုက်မလိုက် ဝေဖန်ပေးလို့ ရတာပေါ့ဗျ”

ထိုစကားကို ကြားတော့ တံခါးစောင့်နတ်မှာ ပြုံးဖြီးဖြီးနဲ့ ကျေနပ်သွားသော်လည်း ခဏအကြာမှာ မျက်နှာညှိုးသွားလေ၏။

“မင်းကို ငါ ခင်ပါတယ်ကွာ၊ နတ်ပြည်ထဲလည်း ခဏ ခိုးဝင်စေလွှတ်ချင်ပါတယ်ကွာ”

“အဲဒါဆိုလည်း ဝင်မယ်လေဗျာ”

“ဒါပေမယ့် ငါ့ကို မင်းနတ်ပြည်ထဲ ဝင်လို့ရတယ်ဆိုတဲ့ အကြောင်းပြချက်လေးတစ်ခုတော့ ပေးကွာ၊ ဟို. . . ကိုယ်စောင့်နတ်ကို တွေ့ချင်လို့ဆိုတာမျိုးတော့ မဟုတ်ဘူးကွာ။ တခြား သင့်တော်တဲ့ အကြောင်းတစ်ခုပေါ့။ ဒါမှ ငါ မင်းကို ခိုးဝင်ခွင့်ပေးလိုက်လို့ နတ်မင်းကြီးသိသွားရင် ငါလည်း ဒါတွေကြောင့် ဒါတွေကြောင့်လို့ ပြောလို့ရတာပေါ့ကွာ”

စောင့်နတ်ကြီး ပြောတာလည်း သဘာဝ ကျပါသည်။

နတ်မင်းကြီးက မိခဲ့ပါက သူလည်း ဘာဖြစ်လို့ ဒီသူ့ကို နတ်ပြည်ထဲ ခဏဝင်ခိုင်းရတာလဲဆိုတဲ့ အကြောင်းပြချက် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ရှိချင်ပုံရပါသည်။

သူကလည်း စောင့်နတ်ကြီးကို ကိုယ်ချင်းစာပြီး-

"အေးဗျာ. . . ချက်ချင်းကြီးဆိုတော့ စဉ်းစားလို့မရဘူး ဖြစ်နေတယ်၊ ခဏလေးဗျာ"

❑

(၁၆)

"ခင်ဗျား. . . အရှင်မဟာမောဂ္ဂလာန်တော့ သိမှာပေါ့"

"ဟာ. . . သိတာပေါ့၊ ဘုရားရှင်လက်ထက်က ရဟန္တာပဲ ဗျ"

"အင်း. . . အရှင်မဟာမောဂ္ဂလာန်က စောင့်နတ်ကြီးတို့ တာဝတိံသာနတ်ပြည်ကို ဒေသစာရီ ကြွချီလာတုန်းက ကြီးကျယ် ခမ်းနားတဲ့ နတ်စည်းစိမ်ချမ်းသာသုခကို ခံစားနေရတဲ့ နတ်သမီး တစ်ပါးကို တွေ့ရတော့ အဲဒီနတ်သမီးနားကို ကြွချီပြီး မေးတယ်တဲ့"

"ဘာမေးတာလဲ"

စောင့်နတ်မှာ စိတ်ဝင်စားသွားပုံရသည်။

"ဟော့. . . နတ်သမီး၊ နင့်ရဲ့ ဗိမာန်ထဲမှာ နတ်ကြီးကြား နတ်ဥဒေါင်းတွေ အများကြီးပါလား၊ နတ်ပန်းတွေကလည်း အများ ကြီးပါလား၊ ပင်ကို သဘာဝအသံ ချိုမြတဲ့ နတ်ဥသြတွေကလည်း အများကြီးပါလား၊ နတ်ပန်းတွေကလည်း အများပါလား၊ ရေကန်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိတယ်။ အခြံအရံ ဖျော်ဖြေကပြပေးတဲ့ နတ်သား၊ နတ်သမီး တွေကလည်း အများကြီးပါလား။ နင်အခုလို ဘုန်းတန်ခိုးကြီးမားတဲ့ နတ်သမီးဖြစ်လာရတာဟာ လူ့ပြည်မှာနေတုန်းက ဘာကုသိုလ် ကောင်းမှုတွေ ပြုလုပ်ခဲ့ဖူးသလဲလို့ မေးတယ်တဲ့"

"အဲဒီတော့ နတ်သမီးက ဘာပြန်ဖြေလဲ"

"အင်း. . . နတ်သမီးက ပြောတယ်၊ အရှင်မဟာ မောဂ္ဂလာန် အရှင်သူမြတ်ကြီးဘုရား လူ့ပြည်မှာနေတုန်းက ဘုရား တပည့်တော်မဟာ ဘုရားတပည့်တော်မရဲ့ လင်ယောကျ်ားကို အရမ်းချစ်ခင်လေးစားပါတယ်၊ တပည့်တော်မရဲ့ လင်ယောကျ်ားက လွဲပြီး ဘယ်ယောကျ်ားမှ သွားမဖောက်ပြန်ပါဘူး ဘုရား၊ အမေက တစ်ဦးတည်းသောသားလေးကို အရမ်းချစ်မြတ်နိုးသလိုမျိုး ဘုရား တပည့်တော်မကလည်း လင်ယောကျ်ားကို အဲ့ဒီလို ချစ်မြတ်နိုးပါ တယ်။ ဘုရားတပည့်တော်မဟာ လင်ယောကျ်ားက စိတ်ဆိုးပြီး လာဆဲလည်း ဘာမှ ပြန်မပြောခဲ့ပါဘူး ဘုရား၊ အေးအေးဆေးဆေး ငြိမ်ငြိမ် လေးပဲ နေခဲ့ဖူးပါတယ် ဘုရား၊ မဟုတ်မမှန်တဲ့ စကားလည်း မပြောခဲ့ဖူးပါ ဘုရား၊ ကုသိုလ်ကောင်းမှုလည်း ရှိရှိသေသေ လေးလေးစားစား လှူဒါန်းခဲ့ဖူးပါတယ် ဘုရား၊ အဲ့ဒါကြောင့် ဘုရား တပည့်တော်ဟာ ယခုလို ဘုန်းတန်ခိုးကြီးမားတဲ့ နတ်သမီး ဖြစ်လာ ပြီး နတ်စည်းစိမ်ကို ခံစားနေရတာပဲ ဖြစ်ပါတယ် ဘုရား. . . တဲ့"

"ဒီတော့ မင်းပြောချင်တာက. . ."



"ကျွန်တော်လည်း လူ့ပြည်မှာတုန်းက ကျွန်တော့်မိန်းမကို သစ္စာမဖောက်ခဲ့ပါဘူး။ သူ ဘယ်လောက် ဆူဆူဆဲဆဲပြောလည်း ငြိမ်ခံနေရတာပဲ။ ဒီတော့ ကျွန်တော်က နတ်ပြည်ထဲ ရောက်ရမယ့် သူတစ်ဦးဆိုတာ ငြင်းလို့မရတဲ့အကြောင်းပဲလေ"

"မင်းပြောတာတော့ ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေ မယ့် မင်းသာ တကယ် အဲဒီလို ကျင့်သုံးခဲ့တာမှန်ရင် ဘာဖြစ်လို့ မင်းက နတ်ပြည်မှာ နတ်သား တန်းမဖြစ်တာလဲ"

"ဟာ. . . ဒါကတော့ဗျာ၊ ယောကျ်ားလေးဆိုတော့ လမ်း မှာ သွားနေတဲ့ ကောင်မလေးတွေကို ဟိုကြည့်ဒီကြည့် နည်းနည်း ပါးပါး လုပ်ခဲ့ဖူးလို့နေမှာပေါ့ဗျ"

"ဒါဆို မရဘူးနဲ့ တူတယ်"

"ဘာဖြစ်လို့ မရမှာလဲ၊ တိုင်းပြည်မှာ နေထိုင်ခွင့်မရတောင် လည်ပတ်ခွင့်တော့ ရှိကြတာပဲ။ စည်းကမ်းမဖောက်ဖျက်ခဲ့ရင် ရတာပဲ။ အခုလည်း ကျွန်တော်က မျက်လုံးလေး ဟိုကစား သည် ကစားပဲ ရှိတဲ့ဥစ္စာ၊ နတ်ပြည်ထဲ လည်ပတ်ခွင့်တော့ ပြုသင့်တာပေါ့"

"ဟူး. . ."

စောင့်နတ်မှာ တော်တော်လေး စဉ်းစားနေပုံရသည်။ နတ်ပြည်ထဲကိုလည်း လှည့်လှည့်ကြည့်နေသည်။ စိတ်ထဲမှာလည်း တွေဝေနေပုံရ၏။

❑

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ကိုယ်စောင့်နတ်ကိုတွေ့ပြီး မေးပြီးတာနဲ့ ပြန်ရမယ်နော်"

"အင်းပါဗျ"

"ပြဿနာ မရှာရဘူးနော်"

"ရော်. . . ကျွန်တော်က ဘာဆိုင်လို့ ပြဿနာရှာရမှာလဲ"

"အေးဗျာ၊ မင်းကို ခင်လို့သာ ခွင့်ပြုရတယ်၊ စိတ်ထဲမှာတော့ ခပ်လန့်လန့်ပဲ"

ဟုဆိုပြီး နတ်ပြည်တံခါးကို ခပ်ဟဟလေး ဖွင့်ပေးလိုက်သေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဝင်တော့"

"စောင့်နတ်ကြီးပါ လိုက်ခဲ့လေ"

"ငါက တံခါးစောင့်ရဦးမှာ"

"ဒီနေ့ လာစရာလူမှမရှိဘဲ ထားခဲ့စမ်းပါ။ ပြီးတော့ ကျွန်တော်က နတ်ပြည်မှာ မသွားတတ် မလာတတ်နဲ့."

အတင်းကာရော တောင်းဆိုနေသောကြောင့် နတ်ကြီးမှာ မနေသာတော့ဘဲ လိုက်ခဲ့ရလေ၏။

(၁၇)

နတ်ပြည်ထဲ ဝင်ဝင်ချင်းမှာပဲ လူ့ပြည်နဲ့ ကွာခြားချက်တစ်ခုကို စတွေ့ရသည်။ ဤသည်မှာ မြေအမျိုးအစား ဖြစ်သည်။

နတ်ပြည်မှ မြေအမျိုးအစားသည် လူ့ပြည်မှာကဲ့သို့ ဖုန်မှုန့်ပါသော မြေမျိုးမဟုတ်ပေ။

ဖန်မြေ၊ မှန်မြေပြင် ဖြစ်နေတာကို တွေ့ရ၏။

ဖုန်မှုန့် အညစ်အကြေး ကင်းစင်သောကြောင့် နတ်တို့၏ ကိုယ်ကာယအဆင်းသည် ကြည်လင်နေ၏ဟုဆိုပြီး စောင့်နတ်ကြီးက ရှင်းပြသည်။

"နတ်စည်းစိမ်က လူ့စည်းစိမ်ထက် အကုန်သာတယ်ကွ"

"အင်း. . . ဟုတ်မှာပါ"

"အံမယ်. . . မင်းလေသံက မယုံတဲ့လေသံနဲ့."

"ဟုတ်တယ်လေ၊ ကျွန်တော်မှ မကြုံဘူးတာ။ ဘယ်ယုံမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက တော်တော် ဝကျတဲ့ကောင်ပဲ၊ အဲ့ဒါကြောင့် နတ်ပြည်မှာ နတ်သား တန်းမဖြစ်တာ"

"ဟာ. . . အခုအချိန်မှာ ကျွန်တော်က နတ်သားဖြစ်လာဖို့ အခွင့်အရေး ရှိသေးတယ်နော်"

"အေးပါ၊ မင်းပြောလိုက်ရင် ဒီလိုချည်းပဲ"

စောင့်နတ်ကြီးကို ဘုကလန့် ပြောမယ်သာ ပြောရသည် နတ်ပြည်ထဲ ဝင်ဝင်ချင်းမှာပင် လူ့ပြည်ထက် အေးချမ်းတဲ့ အရသာကို စတင်ခံစားနေရပြီ ဖြစ်သည်။

"ငါတို့ တာဝတိံသာနတ်တွေရဲ့ နေထိုင်ရာ နေပြည်တော်ကို 'သုဒဿန' လို့ခေါ်တယ်။ ယုဇနာတစ်သောင်းကျယ်တယ်"

"အင်း. . ."

"ငါတို့နေပြည်တော်ရဲ့ အရှေ့ဘက်မှာ နန္ဒာဝန်ဥယျာဉ်ခေါ် နန္ဒာဥယျာဉ်ရှိတယ်။ အဲ့ဒီဥယျာဉ်က ဘယ်လောက်တောင်သာယာသလဲဆို စုတေခါနီးအလွန် ပူဆွေးနေတဲ့ နတ်တွေတောင် စုတေရမယ့်အရေးကို မတွေးမိအောင် ပျော်မွေ့စရာကောင်းတဲ့ နေရာကွ"

ပိုရန်ကောဟု သူက တွေးလိုက်သည်။

ဒါကိုပဲ စောင့်နတ်ကြီးက ရိပ်မိလို့ ထင်သည်။ သူ့လက်ကို ဆွဲပြီး လျှင်မြန်သောအရှိန်ဖြင့် ထိုနေရာကို ခေါ်သွား၏။

□

(၁၈)

မခြောက်မသွေ့ ပကတိစိမ်းစို၍ မြရည်လိမ်းထားသလို ဝန်းပင်ပျိုတွေကြား လှည့်လည်သွားလာနေကြတဲ့ မောင်နှံနတ်တွေကြောင့် ဥယျာဉ်တော်မှာ ပို၍ပင် ကျက်သရေတင့်နေလေ၏။

ထိုဥယျာဉ်နှင့် မြို့တော် အလယ်မှာတော့ မဟာနန္ဒာ၊ စူဠနန္ဒာ အမည်ရှိတဲ့ ကန်တော်ကြီး နှစ်ကန်ကို တွေ့ရသည်။

ထိုကန်တော်ကြီး၏ ကြည်လင်သောရေများကို ရှုစားဖို့အတွက် ကမ်းအစတွင် ဆန်းကြယ်လှတဲ့ ရတနာထိုင်ခုံများကို ချထားလေ၏။

မြို့တော်ရဲ့ တောင်မျက်နှာ၊ အနောက်မျက်နှာနှင့် မြောက်မျက်နှာတို့တွင်လည်း ထိုကဲ့သို့ပင် သာယာစွာ တည်ရှိနေ၏။

"တွေ့ပြီလား"

စောင့်နတ်ကြီးက သူနေထိုင်ရာနတ်ပြည်ကို ဂုဏ်ယူဝင့်ကြွားစွာ လိုက်ပြရင်း ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း နတ်ပြည်သည် ခမ်းနားလှသည်။ နေချင်စဖွယ်ဖြစ်ပြီး သီလတွေကို မေ့ချင်စဖွယ်ဖြစ်အောင် ကောင်းသည့်နေရာ ဖြစ်လေသည်။

နတ်တို့၏ ခန္ဓာကိုယ်မှာလည်း အလင်းရောင်များ တောက်နေကြလေသည်။ ထိုစဉ် သူတို့ရှေ့မှ ဖြည်းဖြည်းချင်း ဖြတ်သွားသော နတ်တစ်ပါးသည် ရုတ်တရက် ဆိုသလိုပင် ခန္ဓာကိုယ်မှ မီးများ ချုပ်ငြိမ်းသွားသလို မျိုး ဖြစ်သွားပြီး ပျောက်ကွယ်သွားလေ၏။

"ဟင်. . ."

လူမှာ ရုတ်တရက်ကြီး မြင်လိုက်ရသောကြောင့် ထိတ်လန့်သွားလေသည်။

"ဒါ. . . ဒါ. . . ဘာဖြစ်တာလဲ"

သူ့ဘေးတွင်ပါလာသော စောင့်နတ်ကြီးကို မေးလိုက်လေသည်။

စောင့်နတ်ကြီးက ထွေထွေထူးထူး အံ့သြနေဟန်မပြဘဲ-

"အဲ့ဒါ နတ်သက်ကြွေ (စုတေ)တာလေ၊ လူ့အခေါ် ဆိုရင်တော့ သေသွားတာပေါ့"

"ပြုန်းစားကြီးလား"

"တချို့တွေက စုတေတော့မယ်ဆိုတာ သိတယ်၊ တချို့တွေက စုတေတော့မှာကို မသိဘူး။ ရုတ်တရက် သေသွားတာမျိုးပေါ့



ဗျာ"

"ဟင်. . . ဘာဖြစ်လို့ အဲဒီလို ဖြစ်ရတာလဲ"

"ဒီလိုကွ၊ နတ်တွေ စုတေရတဲ့အကြောင်းတရား လေးပါးရှိတယ်"

ဟု အစချီပြီး အောက်ပါအတိုင်း ပြောပြလေ၏။

(၁) အာယုက္ခယ - နတ်သက်ကုန်၍ သေခြင်း။
(၂) ပုညက္ခယ - ကုသိုလ်ကောင်းမှုကုန်၍ သေခြင်း။
(၃) အာဟာရက္ခယ - အာဟာရ သုံးဆောင်ချိန်၌ အာဟာရကို မသုံးဆောင်မိ၍ အာဟာရကုန်၍ သေခြင်း။
(၄) ကောမေန - အမျက်ဒေါသထွက်၍ သေခြင်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"ဒါဆို ခုနကနတ်က ဘာဖြစ်လို့ သေသွားတာလဲ"

"ခုနကပြောတဲ့ အချက်တစ်ချက်ကြောင့် သေသွားတာ ဖြစ်မှာပေါ့ကွာ"

"ခုနက နတ်ကြီးပဲ ပြောတယ်လေ၊ သေမှာကို ကြိုသိတာနဲ့ ကြိုမသိတာဆိုတာ. . ."

"သြော်. . . အဲ့ဒါက အပေါ်နှစ်ချက်က ကြိုသိနိုင်တယ်လေ။ အောက်နှစ်ချက်က အရေးပေါ်ဖြစ်သွားတာ။ ဒါကို ပြောတာပါ"

"ဒေါသထွက်တာကတော့ ထားပါတော့၊ အစာစားချိန်မှာ အစာမစားဘဲနေလို့ စုတေတယ်ဆိုတာတော့ ဟုတ်သေးပါဘူး"

"ဒီလိုရှိတယ်ကွ၊ ငါတို့က နတ်သုဒ္ဓါဆိုတဲ့ အစာတစ်မျိုးကို စားရတယ်"



"ဟုတ်တယ်၊ ဟုတ်တယ် ကျွန်တော်လည်း လူ့ပြည်မှာ နတ်သုဒ္ဓါဆိုတဲ့ဟာကို ကြားဖူးတယ်။ သေချာတော့ မသိဘူး။ အဲ့ဒါ ဘယ်လို အစားအစာလဲဗျ"

"နတ်သုဒ္ဓါက လူတွေစားတဲ့ အစာတွေလို ကာဗွန်ပါတဲ့ အစာအာဟာရ မဟုတ်ဘူး။ ခန္ဓာကိုယ်ကို အားဖြစ်စေတဲ့ အစွမ်းထက်တဲ့ အဆီအနှစ်တစ်မျိုးကွ။ အဲဒါကြောင့် ခန္ဓာကိုယ်မှာ အသုံးမဝင်တဲ့ ကာဗွန်တွေကို ပြန်ထုတ်စရာမလိုတဲ့အတွက် နတ်တွေက လူတွေလို အပေါ့ အလေး စွန့်စရာ မလိုဘူးကွ"

"ဟင်. . . ဒါဆို နတ်ပြည်မှာ အိမ်သာမရှိဘူးပေါ့"

"မရှိဘူး"

"သွားပါပြီ၊ ကျွန်တော် ဗိုက်နာလို့ အိမ်သာတက်ချင်ရင် ဘယ်လိုလုပ်မလဲ"

သူက ညည်းညည်းညူညူ ပြောတာကို စောင့်နတ်ကြီးက မကြားချင်ယောင်ဆောင်နေလေ၏။

"အဲဒီ နတ်သုဒ္ဓါ တစ်ခါစားပြီးရင် တစ်ပတ်လောက်ခံတယ်၊ နတ်တွေက အပျော်လွန်ပြီး နတ်သုဒ္ဓါ မစားမိရင် သေတယ်၊ အဲ့ဒါပဲ"

"အမယ်လေး. . . အဲ့ဒီလောက်တောင်ပဲလား"

"ဟုတ်တယ်"

"မလွယ်ပါလား၊ နတ်ဖြစ်ရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နတ်ဖြစ်စတုန်းက တော်တော်လေး လေ့လာရတယ်ကွ၊ နောက်မှ နားလည်တာ။ ငါက ကဗျာဆရာဆိုတော့ကွာ စာလေးပေလေးရေးတော့ လူ့ပြည်၊ နတ်ပြည် ထူးခြားတာလေး ရေးထားတာတော့ ရှိတယ်။ မင်းသိချင်ရင် ပေးဖတ်မယ်"

ဘယ်ကတည်းက ပေးဖတ်ချင်နေမှန်းမသိပေ။ သူပင် "အင်း. . . ဖတ်မယ်လေ"ဟုပင် မပြောရသေးမီတွင် အတင်း ထုတ်ပေးလေ၏။

သူလည်း အားနာပါးနာနှင့် ယူဖတ်ရလေသည်။

သူက မော်ဒန်ဆန်ဆန်လေး လူ့ပြည်နှင့်တွဲကာ မှတ်တမ်း တင်ထားလေ၏။

❑



## လူ့ပြည် နတ်ပြည် မတူညီ

၁။ ပဋိသန္ဓေနေခြင်း ဆင်းရဲ ဒုက္ခ မရှိ။ နတ်သမီးက ၁၆-၁၈ နှစ်အရွယ်၊ နတ်သားက အသက် ၂၀ အရွယ် ဘွားခနဲ ပေါ်လာသည်။

ထို့ကြောင့် နတ်ပြည်မှာ သားဖွားခန်း၊ သားဖွားဆေးရုံ မရှိ။

၂။ အိုခြင်းဆင်းရဲ ဒုက္ခမရှိ။ နတ်သမီးက အသက် ၁၆-၁၈ နှစ်အရွယ်၊ နတ်သားက အသက် ၂၀ အရွယ် ပုံစံတွေ အတိုင်း သေတဲ့အထိ ရှိနေသည်။

အလှပြင်ဆိုင် မျက်နှာ ခွဲစိတ်ပြုပြင်ခြင်းများ မရှိ။

၃။ နာခြင်းလည်း မရှိတဲ့အတွက် နတ်ပြည်မှာ ဆေးရုံ၊ ဆေး ခန်း မရှိ။

၄။ နတ်ပြည်မှာ အလုပ်လုပ်စရာ မလိုပါ။ ထို့ကြောင့် အသက် မွေးဝမ်းကြောင်းပညာ သင်ရန် မလိုပါ။

၅။ အဝတ်လဲစရာ မလိုပါ။ ကံကြောင့်ဖြစ်သော နတ်ဟော် တန်ဆာတွေက အမြဲသစ်လွင်တောက်ပနေသည်။ သေခါနီး တစ်ပတ်လောက်မှသာ အရောင်မှိန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အလေးအပေါ့ သွားစရာမလိုသောကြောင့် နတ်ပြည်မှာ အိမ်သာ မရှိ။

၇။ နတ်သမီးမှာ ဓမ္မတာလာခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးရခြင်း ဒုက္ခ မရှိ။ သားသမီးဖြစ်မည့် နတ်သား၊ နတ် သမီးက နတ်သမီးရဲ့ ရင်ခွင်မှာ အလိုလို ပေါ်လာသည်။

၈။ နတ်သမီး၊ နတ်သားများ တူနှစ်ကိုယ်တွဲ၍ ကာမဂုဏ် ခံစားနိုင်သည်။ နတ်သားရဲ့ အလုပ်အကျွေးဖြစ်မယ့် နတ် သမီးက နတ်သားရဲ့အိပ်ခန်းမှာ ပေါ်လာပြီး အိမ်ဖော် ဖြစ်မယ့် နတ်သား နတ်သမီးကတော့ နတ်နန်းထဲမှာ ပေါ်လာ၏။

၉။ အစားအသောက်အနေနဲ့ နတ်သုဒ္ဓါလို့ခေါ်တဲ့ အစား အစာကို စားကြသည်။ နတ်သုဒ္ဓါ စားပြီးနောက် အစာ တစ်ပတ်ခံပြီး ထိုတစ်ပတ်ထက်ကျော်ကာ နတ်တွေ အပျော် လွန်ပြီး နတ်သုဒ္ဓါ ထပ်မစားမိရင် သေသည်။

၁၀။ နတ်တွေရဲ့ရုပ်ကိုယ်ကြီးက အလွန်နူးညံ့သည်။ ဒေါသဆိုတဲ့ ပူတဲ့ဒဏ်ကို မခံနိုင်ဘူး။ ထို့ကြောင့် အကြောင်းတစ်ခု ကြောင့် ဒေါသ ဖြစ်ရင် နတ်တွေ သေသည်။



၁၁။ နတ်များ ရေချိုးရန်မလို၊ အိပ်ရန် မလို။ ညောင်းညာခြင်း မရှိ။ ချွေးထွက်ခြင်း မရှိ။

၁၂။ သေလျှင် အလောင်းမကျန်၊ အငွေ့ဖြစ်သွားသည်။ ထို့ ကြောင့် သင်္ဂြိုဟ်ရန်မလို။ သင်္ချိုင်းမရှိ။

၁၃။ အလင်းရောင်အတွက် နေရောင်၊ လရောင်၊ လျှပ်စစ်မီး မလို။ ကိုယ်မှထွက်သော ကိုယ်ရောင်ကိုယ်ဝါနှင့် နေသည်။

၁၄။ နတ်ဘဝဆိုတာ လူ့ပြည်က ပြုခဲ့တဲ့ ကုသိုလ်အကျိုးတွေ ခံစားနေရတဲ့ ဘဝပါ။

ထို့ကြောင့် ကုသိုလ်ကံကုန်ရင် နတ်ဘဝက ပြန်ကြသည်။

၁၅။ တချို့နတ်သမီးများမှာ ဗိမာန်အဆင်သင့်ရှိသော်လည်း ဗိမာန်နှင့်တကွ မိမိတို့ကို ပိုင်ဆိုင်သည့် နတ်သား မရှိ သောကြောင့် ပျင်းရိညည်းငွေ့ အလိုမပြည့်ကြသည်လည်း ရှိ၏။

ကုသိုလ်ကံခြင်း ကွာခြင်းသောကြောင့် ဘုံဗိမာန်နှင့် ရုပ် အဆင်းလည်း ကွာခြား၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"ကဲ. . . နတ်ပြည်အကြောင်းတော့ တော်တော်လေး သိပါပြီ။ ဒါပေမယ့် ကျွန်တော့်ရဲ့ ကိုယ်စောင့်နတ်ကို ဘယ်မှာတွေ့ရမလဲ။ ပြီးတော့ ကျွန်တော်က သူ့ကို မြင်ဖူးတာ မဟုတ်ဘူးနော်"

"မြင်ဖူးစရာ မလိုပါဘူးကွ။ ကိုယ်စောင့်နတ်ဌာနကို မေးရင် ရပါတယ်"

"အံ့မယ် ဒီမှာလည်း ဌာနတွေ ဘာတွေရှိတာပဲလား"

"ဘယ်နေရာမှာပဲဖြစ်ဖြစ် အဖွဲ့အစည်းဆိုတာ ရှိရတယ်။ စည်းကမ်းဆိုတာ ရှိရတယ်။ လူ့ပြည်မှာလည်း လူ့အဖွဲ့အစည်း။ နတ်ပြည်မှာလည်း နတ်အဖွဲ့အစည်းပေါ့ကွာ"

"အင်း. . . ဟုတ်ပါပြီ။ အခု အဲဒီဌာနကို သွားနေတာပေါ့"

"ဟုတ်တယ်"



သူပြောလို့ပြီးပြီးချင်းမှာပဲ အနောက်က လှမ်းခေါ်သံတစ်သံ ကြားလိုက်ရသည်။

"ဟော့ရောင်. . . ဟော့ရောင်"

ခေါ်သံကြားတော့ ကိုယ့်ကိုခေါ်တယ်ထင်ပြီး လှည့်ကြည့်မိသေးသည်။

နောက်မှ စောင့်နတ်ကြီးကို လှမ်းခေါ်မှန်း သိရသည်။

"မင်းက တံခါးမစောင့်ပဲ ဒီမှာဘာလာလုပ်နေတာလဲ"

"ဟိုကွာ အညောင်းပြေ၊ အညာပြေ ဟိုလျှောက်ဒီလျှောက်လုပ်ရင်း သူ့ကို လိုက်ပြနေတာ"

"သူက ဘယ်သူလဲ"

"နတ်သားအသစ်ကလေး ဖြစ်နိုင်တဲ့သူပေါ့"

စောင့်နတ်ကြီးက ထိုစကားကို လေးလေးနက်နက် ဆိုလိုက်ခြင်း ဖြစ်သည်။

လာမေးသော စောင့်နတ်ကြီး အသိမှာလည်း သူ့စကားကို နားမလည်သော်လည်း ဘာမှပြန်မမေးတော့ပဲ ဟိုအကြောင်း ဒီအကြောင်း အနည်းငယ်ပြောပြီး ထွက်သွားလေ၏။

"စောင့်နတ်ကြီး ဘာဖြစ်လို့ လိမ်ရတာလဲ"

"ဟာ. . . ငါက ဘယ်မှာလိမ်လို့လဲ"

"ခုနကပဲ ပြောလိုက်တယ်လေ။ ကျွန်တော့်ကို နတ်သားအသစ်ကလေးဆိုပြီးတော့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှ သေချာနားမထောင်တာကွ။ ဖြစ်နိုင်တဲ့သူလို့ ငါက ပြောတာပါ။ ဖြစ်တဲ့သူလို့မှ မပြောတာ။ မင်းပဲ ပြောတာလေ။ မင်းက နတ်သားလည်း ဖြစ်နိုင်သေးတယ်ဆို။ အဲဒါကြောင့် ငါဒီထဲ ခေါ်လာတာပေါ့"

ထိုအဖြေကိုကြားတော့ သူလည်း ဘာမှဆက်မပြောနိုင်တော့...။

"ဒါနဲ့ အဲဒီနတ်က ဘယ်သူတုန်း... အသိလား"

"အင်း... မင်းကို ငါပြောတဲ့သူလေ"

"ဟင်... ဘယ်သူလဲ မသိပါလား"

"ဟိုကွာ... ငါကြိုက်နေတဲ့ နတ်သမီးရဲ့ ပိုင်ရှင်ပေါ့"

"ဪ..."

ထိုစကားကိုပြောသော နတ်ကြီး၏ ပုံစံမှာ ဝမ်းနည်းနေ၏။ မျက်နှာမှာလည်း ညှိုးသွားလေသည်။ ထို့ကြောင့် သူကလည်း-

"ကြိုးစားကြည့်ပေါ့ နတ်ကြီးရယ်၊ လူ့ပြည်မှာ ကြိုးစားပြီးလို့တောင် နတ်ပြည်ရောက်လာပြီပဲ။ ဒီနတ်သမီးလေးရဲ့ အချစ်ကို ရအောင်တော့ ကြိုးစားကြည့်ပေါ့"

"အင်း... ငါလည်း သိသလောက် တတ်သလောက်တော့ ကြိုးစားပြီးပါပြီကွာ။ လူ့ပြည်မှာတုန်းကလည်း ငါက သိပ်စွံ့တဲ့သူ တော့ မဟုတ်ဘူးကွ။ ဒီတော့ ဒီနတ်ပြည်ရောက်လာတော့လည်း



အချစ်နဲ့ ပတ်သက်ရင် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတာပေါ့"

"လူ့ပြည်မှာလို ဂစ်တာလေး ဘာလေးတီးပြီး ကျူကြည့်ပေါ့"

"ဟာ... ဒီနတ်ပြည်မှာ ဂစ်တာမှ မရှိတာ"

"သဘောပြောတာပါ။ ဟိုနတ်သား တီးသလို စောင်းလေး ဘာလေး တီးကြည့်ပေါ့"

"ဘယ်နတ်သားက တီးလို့လဲ"

"ဟင်... နတ်ပြည်မှာနေပြီး ဒါလေးတောင် သိဘူးလား"

"သိဘူး... ငါကရောက်တာ ကြာမှကြာသေးပဲ"

"ဒီလိုလေ... ခင်ဗျားတို့ နတ်ပြည်မှာ နတ်ဂဇာတ်သမား ဖြစ်တဲ့ ပဉ္စသီခနတ်သားက တိမ္ဗရုနတ်မင်းကြီးရဲ့ သမီးပျိုဖြစ်တဲ့ သူရိယဝစ္ဆသာနတ်သမီးကို ကြိုက်တယ်လေဗျာ"

"အင်း... အဲဒီတော့"

"ဒီတော့ သူက လူပျိုလှည့်... အဲ နတ်ပျိုလှည့်တဲ့အခါမှာ စောင်းကိုတီးပြီး သာသာယာယာ သီဆိုပြီး နတ်ပျိုလှည့်တယ် တဲ့.. နေပါဦး... သူဆိုတဲ့ စောင်းသီချင်း၊ ဂါထာတွေထဲမှာ ထစ်ပုဒ်ရှိပါသေးတယ်... ဘာပါလိမ့် မေ့နေတယ်။ ခဏလေး.. ခဏလေး ဪ... သိပြီ ယံနဲ့စတယ်"

ဟုဆိုပြီး သူကခပ်မြန်မြန် ရွတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယ် မေ အတ္တိကတံ ပုညံ၊ အရဟန္တေသု တာဒိသု။
တံ မေ သမ္ပဂ်ကလျာဏံ၊ တယာ သဒ္ဓိ ဝိပစ္စတိ။

❑

(၂၁)

"အဲဒါရွတ်လိုက်တော့ နတ်သမီးက ကြိုက်သွားရောလား"

"ဟင့်အင်း. . . နောက်တစ်ယောက်နဲ့ ပါသွားတယ်"

"အာ. . . ငါက အကောင်းအောက်မေ့လို့ နားထောင်နေတာ"

"တကယ်ပြောနေတာပါဗျာ။ ပဥ္စသိခနတ်သားက အဲဒီလောက် စွဲနေပေမယ့် သူရိယဝစ္စာသာ နတ်သမီးက မာတလိနတ်မင်းရဲ့သား သိခဏ္ဍိနတ်သားကိုမှ ကြိုက်နေတာဗျ။ ဒါကြောင့် ဒါကြောင့်"

"အော်. . . သနားပါတယ်"

"ဟဲ. . . ဟဲ၊ ဒါပေမယ့် သိကြားမင်းက ပဥ္စသိခနတ်သားတာ သူ့အပေါ်မှာ ကျေးဇူးရှိတယ်ဆိုပြီး အဲဒီနတ်သမီးနဲ့ အတင်းပေးစားလိုက်ရောတဲ့။ နောက်ဆုံးတော့ သူတို့နှစ်ဦး ပြားသွားတာဝါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကတည်းက ညားတယ်ပြောတာ မဟုတ်ဘူး။ အလကား နတ်ကို ဝမ်းနည်းအောင် လာလုပ်နေတယ်။ နေပါဦး. . . မင်းတို့ လူ့ပြည်က အဲဒါတွေကို ဘယ်လိုသိတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး"

"ဘာပဲဖြစ်ဖြစ် မင်းပြောတဲ့နည်းက မကောင်းသေးပါဘူး ကွာ။ ဒီခေတ်မှာ ဒါတွေက ခေတ်မမီတော့ဘူးကွ"

"အေးဗျာ. . . အဲဒါတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်လည်း ကျွန်တော်သိသလောက် ပြောပြတာ မရောက်သေးဘူးလား"

"ဟင်. . . ဘယ်လို"

"ဟို. . . ကိုယ်စောင့်နတ်ဌာနကို သွားနေတာ မရောက်သေးဘူးလားလို့"

"ရောက်တော့မှာပါကွ"

"တန်ခိုးနဲ့ သွားတာတောင် အဲဒီလောက် ကြာရလားကွာ"

"ဟာ. . . နေရာတိုင်း တန်ခိုးသုံးလို့ မကောင်းဘူးကွ။ အခုက ပုံမှန်အတိုင်း သွားနေတာ"

"အင်း. . . ထင်ပါတယ်။ အဲဒါကြောင့် ညောင်းနေပါတယ်လို့"

❑

(၂၂)

သိပ်မကြာခင်အချိန်မှာပဲ ဘုံနန်းပြသာဒ်တစ်ခုကို တွေ့လိုက်ရသည်။ ခမ်းခမ်းနားနားကြီး မဟုတ်သော်လည်း ဘေးနားရှိ ဘုံဗိမာန်တွေနဲ့ ယှဉ်ရင်တော့ တော်တော်ကြီး သားနားတာကို တွေ့ရသည်။

ဆိုင်းဘုတ်မတပ်ထားပေမယ့် 'ဒါ. . . ကိုယ်စောင့်နတ်ဌာန'ဆိုပြီး စောင့်နတ်ကြီးက ပြောသောစကားအရ သိရလေသည်။

စောင့်နတ်ကြီးက ရှေ့ကနေ ဦးဆောင်ပြီး ဝင်သွား၏။

ဝင်ဝင်ချင်းမှာပဲ ကိုယ်ရောင်ကိုယ်ဝါ တောက်ပသော်လည်း ရုပ်အနည်းငယ် ဆိုးသော (အခြားနတ်များနှင့်ယှဉ်လျှင်) နတ်ကြီးတစ်ပါးကို တွေ့ရ၏။

"အလုပ်ရှုပ်နေလား"

စောင့်နတ်ကြီးက နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ရှုပ်တာပေါ့ကွ. . . နေ့စဉ် လူ့ပြည်မှာ မွေးလိုက်ကြတဲ့ ကလေးတွေ နည်းတာမဟုတ်ဘူး"

ကိုယ်စောင့်နတ်ဌာန နတ်ကြီးက လှည့်မကြည့်ပဲ ပြန်ဖြေသည်။

ထို့နောက်မှ လှည့်ကြည့်ရာ သူ့ကိုတွေ့သွားပြီး-

"ဒီသူငယ်က ဘယ်သူလဲ"ဟု မေးလေ၏။

"ဟို. . . စာရင်း မပါသေးတဲ့ သေပြီးသား လူပါ"

"ဘယ်လို"

စောင့်နတ်ကြီးက သေချာရှင်းပြလိုက်၏။ ရှင်းပြပြီးသော အခါတွင် ဌာနနတ်ကြီးမှာ-

"အဲဒီတော့ ငါ့ဆီကို ဘာဖြစ်လို့ ခေါ်လာရတာလဲ" ဟု မေးလေ၏။

သူကလည်း မနေသာတော့ပဲ ဝင်ပြောရလေသည်။

"ကျွန်တော် ကိုယ်စောင့်နတ်ကို တွေ့ချင်လို့ပါ"

"တွေ့ရင် မင်းက ဘာလုပ်မလို့လဲ"

"ကျွန်တော့်ကို ခေါ်လာတဲ့ သေမင်းကို သိချင်လို့ပါ"

"သိတော့ရော မင်းက လူ့ပြည်မှာပြန်ပြီး အသက်ရှင်မှာမှ မဟုတ်တာ"

ဌာနနတ်ကြီး စကားကြားတော့ သူ့မှာ နည်းနည်းတင်း သွားသည်။



ဒါကို စောင့်နတ်ကြီးက ရိပ်မိပြီး ကြားဝင်ကာ-

"ဟိုဗျာ. . . ဖြေရှင်းလို့ရမယ့် နည်းလမ်းလေး တွေ့လို့ တွေ့ဌြားပေါ့. . . အစ်ကိုနတ်ကြီးရယ်"ဟု ဝင်ပြောရလေ၏။

ထိုအခါမှ ပေစောင်းပေစောင်းနှင့်-

"နာမည်ရယ်၊ အဖ၊ အမိနာမည်ရယ်၊ မွေးဇာတာရယ် ပြော"ဟု မေးလိုက်လေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

ပန်းရန့်တွေ ဘယ်လောက်ပဲမွှေးမွှေး မင်းမရှိတော့ ရနံ့တွေက ပျက်ပျယ်သလို ဖြစ်နေတယ်။

ဗိမာန်တွေ ဘယ်လောက်ကောင်းကောင်း မင်းမရှိတော့ အထီးကျန်သလို ဖြစ်နေရတယ်။

အချစ်ရေ တို့နှစ်ယောက် အတူနေခဲ့ဖူးတဲ့ အိမ်လေးကို သတိရတယ်။ မဖြစ်နိုင်မှန်းသိပေမယ့် မင်းနဲ့နီးစပ်တဲ့ လူတစ်ယောက် ဆီမှာ လာနေချင်သေးတယ်။

မင်းအပြုံးလေးတွေ၊ မင်းစကားလေးတွေက ငါ့မှာတွေ့တဲ့ နတ်သမီးတွေ မမှီသေးဘူး။

တကယ်ပါ။ ကိုယ်မသွားခင် မင်းပြောခဲ့တဲ့ စကားတွေကို သတိရနေသေးတယ်။ တစ်ချိန်ချိန်မှာ မင်းပြန်လာခဲ့ရင်. . .

ကိုယ်နဲ့အတူ နေနိုင်အောင် ကိုယ်တစ်ကိုယ်တည်း စောင့်နေပါ့မယ်။ လွမ်းလိုက်တာ ကိုယ်စောင့်နတ်သမီးလေးရယ်။

မင်းနဲ့နေခဲ့ရတဲ့ နေ့တွေဟာ ကိုယ့်အတွက်တော့ နတ်ပြည်



နဲ့ မလဲနိုင်ပါဘူး။

ကိုယ်ဒီပြန်ရောက်တာ သိပ်မကြာသေးလို့ ဒီစကားတွေ ပြောနေတာ မဟုတ်ပါဘူး။

နောင် ဘယ်လောက်ကြာကြာ ကိုယ်ကတော့ မင်းအပေါ် ချစ်တဲ့ အချစ်တွေ မပြောင်းလဲပါဘူး။

မင်းပြန်လာတဲ့အချိန်. . . ။

မင်းပြန်ရောက်လာမယ့်အချိန် ဘယ်လောက်ကြာကြာ ကိုယ်တစ်ယောက်တည်း စောင့်နေပါ့မယ်။

အခုချိန်မှာ ငါ့ကိုများ လွမ်းနေမလား ကိုယ်စောင့် နတ်သမီးလေးရယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

နတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်တွင် နတ်သားပျို နတ်သမီးပျိုများ ပျော်မြူးလျက် ရှိကြသည်။

တချို့က ရေကစားနေကြပြီး တချို့ကတော့ ပန်းပင်များကြား ပြေးလွှားပျော်ပါးနေကြ၏။

မဟာနန္ဒာ၊ စူဠနန္ဒာကန် (၂)ကန်ထဲတွင် ကြာများဖြင့်တင့်တယ်နေပြီး ရေကစားနေကြသော နတ်သမီးများကြောင့် ပိုပြီးလှပတင့်တယ်နေကြ၏။

ဥယျာဉ်အတွင်းရှိ နတ်သား၊ နတ်သမီးများ အားလုံး ပျော်မြူးနေကြသော်လည်း နန္ဒာကန်စပ်ရှိ ရတနာထိုင်ခုံပေါ်တွင်တော့ နတ်သားတစ်ပါးသည် အဝေးကို ငေးမောနေလေ၏။

ပတ်ဝန်းကျင်ရှိ ရှုမောဖွယ် မြင်ကွင်းများကိုလည်း ထိုနတ်သားစိတ်ထဲမှာ ရှိလေသည်၊ မြင်လေသည်ဟုပင် ထင်ပုံမရပေ။



သူသည် တစ်ခုခုကို လွမ်းမောနေပုံရသည်။

နှုတ်ကလည်း တတွတ်တွတ် ရေရွတ်နေသော်လည်း ဘာကိုပြောနေမှန်းလည်း မသိချေ။

“သူ့အခုချိန်ဆိုရင် ငါ့ကိုများ လွမ်းနေမလား”

ခေါင်းကို ခါရမ်းလိုက်သည်။

ရင်ထဲက တက်လာသော အလွမ်းတွေကို သူမခံစားနိုင်တော့။ ထို့ကြောင့် သွားလာလှုပ်ရှားနေသော နတ်သားပျို နတ်သမီးပျိုများကိုသာ လှမ်းကြည့်နေသည်။

“ဟာ. . . နတ်သားက ဒီမှာလာထိုင်နေတာကိုး”

ရုတ်တရက် ဝင်လာသော သူ့သူငယ်ချင်း နတ်သားကိုကြည့်ပြီး ထိုင်နေသော နတ်သားမှာ စိတ်ညစ်သွားလေသည်။

မည်သို့ဆိုသော် အခုအချိန်မှာ သူတစ်ယောက်တည်းနေချင်သည်။ ဘယ်သူ့ကိုမှ ခွန်းတုံ့ပြန်မပြောချင်သေးချေ။

သူပြန်ရောက်လာတာ မကြာသေးသောကြောင့် သူ့ဗိမာန်တွင် လာရောက်နှုတ်ဆက်သူတွေ စည်ကားခဲ့သည်။

ထို့ကြောင့် ဒီနေ့စိတ်အေးလက်အေး နေထိုင်နိုင်ရန်အတွက် နန္ဒာဝန်ဥယျာဉ်ထဲမှာ လာထိုင်နေခြင်း ဖြစ်သည်။

“အင်း. . . ဟုတ်တယ်”

စိတ်မပါ လက်မပါဖြင့် ဖြေလိုက်သည်။

“မင်းကို လိုက်ရှာနေကြတယ်”

www.burmeseclassic.com

www.burmeseclassic.com



*"အင်း.. တော်တော်များများတော့ တွေ့ပြီးသွားပါပြီ"*

"ဘယ်တုန်းကလဲ"

"မနေ့ကလေ"

"မဟုတ်ဘူး... အခု ရှာနေကြတာ"

"မနက်ဖြန်ကျမှပဲ ဗိမာန်မှာ တွေ့တော့မယ်ကွာ။ ဒီနေ့တော့ ဒီမှာပဲ နေချင်သေးတယ်"

"ဟာ... အခုက မတွေ့လို့ မဖြစ်ဘူး"

"ရှောင်နေမှာပေါ့ကွ"

"ရှောင်လို့မရဘူး"

"ဘယ်သူမို့လို့လဲ"

"မင်းစောင့်ရှောက်ခဲ့တဲ့ လူသားလေ"

"ဟင်... ဘယ်လို"

ထိုင်နေတဲ့ နတ်သားမှာ အံ့ဩသွားလေ၏။

"လူ့ပြည်မှာတုန်းက မင်းစောင့်ရှောက်ခဲ့တဲ့လူလေ... အခု မင်းကို လိုက်ရှာနေတာ"

"ငါနဲ့ ဘာဆိုင်တော့လို့လဲ။ သူ့နေရာသူ ရောက်လာတာ ဖြစ်မှာပေါ့"

"ဟုတ်ဘူး။ သူ့မှာ သွားစရာ မရှိဘူး ဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ... ဘယ်နေရာမှ သူ့နာမည် မရှိဘူး



လေ။ အဲဒီတော့ သူက ဘယ်မှသွားလို့မရဘူး ဖြစ်နေတယ်။ အဲဒါ မင်းကို တွေ့ချင်လို့တဲ့"

"သူက ငါ့ကိုတွေ့ပြီး ဘာလုပ်မလို့လဲ"

ထိုင်နေတဲ့ နတ်မှာ ဒွိဟဖြစ်နေလေ၏။

"သူက သူ့ကိုခေါ်ခဲ့တဲ့ သေမင်းကိုသိချင်လို့တဲ့"

"ဟင်"

❑

www.burmeseclassic.com

www.burmeseclassic.com



# သေမင်းကို လှည့်စားနိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

"ကျွန်တော့်ကို ခေါ်သွားတဲ့ သေမင်းက ဘယ်သူလဲဗျ"

လူသည် သူ့ကိုယ်စောင့်နတ်ဟောင်းကို တွေ့တွေ့ချင်း မေးလိုက်လေ၏။

ကိုယ်စောင့်နတ်ကတော့ ထိုအမေးကို ပြန်မဖြေနိုင်သေးပဲ လူဟောင်းကိုသာ တအံ့တသြ ငေးကြည့်နေလေ၏။

"တင်အောင်သန်းထွေးဝင်း၊ ဟုတ်. . . ဟုတ်ပါတယ် နော်"

ကိုယ်စောင့်နတ်က မယုံသင်္ကာနဲ့ မေးလေ၏။

"ဟုတ်ပါတယ်. . . ကျွန်တော် တင်အောင်သန်းထွေးဝင်း ပါ"

"သေပြီးပြီဆိုတော့ မင်းနေရာမင်း မသွားဘူးလား"

"ဟာ. . . သွားချင်တာပေါ့၊ သွားစရာ နေရာမရှိလို့ ဒီကို လာမေးနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား နေရာတစ်ခုခုမှာတော့ မင်းနာမည် ရှိမှာပါ။ မရှိပဲနဲ့တော့ မင်းမသေပါဘူး"

"မေးပြီးပြီ၊ ဘယ်နေရာမှ ကျွန်တော့်နာမည် မရှိဘူးတဲ့"

ကိုယ်စောင့်နတ်ဟောင်းပုံစံမှာ တွေဝေနေပုံရသည်။

သူ့ ခန္ဓာကိုယ်အဟောင်းသည် သူ့ရှေ့တွင်လာပြီး သူကို ခေါ်ခဲ့သည့် သေမင်းကို လာမေးနေပြီ ဖြစ်သည်။

သူတို့ အချီအချ ပြောနေသည့် နေရာသည် နန္ဒဝန်ဥယျာဉ်တွင် ဖြစ်သောကြောင့် နတ်သားနတ်သမီးများသည် သူတို့ ပြောနေသည်ကို တစ်စွန်းတစ်စ ကြားသွားကြသောကြောင့် တစ်ဦးနှင့် တစ်ဦးပြောရင်း စကား ပြန့်သွားလေ၏။

❑

## (၂၅)

"အဲဒီ ကိုယ်စောင့်နတ်ပေါ့။ သူ့ခန္ဓာကိုယ်ဟောင်းက သွားစရာမရှိလို့ သူ့လာပြီးခေါ်ခဲ့တဲ့ သေမင်းကို လာမေးနေတာတဲ့"

"အေးဟယ်... ငါတို့ ဒီမှာ တစ်ခါမှ မဖြစ်ဘူးပါဘူး သူ့ကျမှ"

"ခုနကလည်း သူ့ပုံစံက ဆွေးနေတဲ့ပုံစံနဲ့"

"ဒီလိုပဲလေ... လူ့ပြည်က ပြန်လာပြီးတဲ့ ကိုယ်စောင့်နတ်တွေက"

နတ်သမီးတစ်ခုက အတင်းပြောရင်း အဖြစ်အပျက်ကို ခပ်လှမ်းလှမ်းက စောင့်ကြည့်နေ၏။

ခန္ဓာကိုယ်အဟောင်းနှင့် ကိုယ်စောင့်နတ် အဟောင်းမှာလည်း အချီအချနှင့် စကားပြောနေကြ၏။

"ကျုပ်လည်း သေမင်းကို မမှတ်မိလိုက်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ။ ခင်ဗျားက ကျွန်တော့် ကိုယ်စောင့်နတ်ဟောင်း ပဲလေ။ ခင်ဗျားပဲ သေမင်းနဲ့ နောက်ဆုံးစကားပြောခဲ့ပြီးတော့"

"ဟုတ်. . . ဟုတ်တော့ ဟုတ်ပါတယ်။ အဲဒီသေမင်းကို နာမည် မမေးမိလိုက်မိဘူး။ ပြီးတော့ သူ့ရုပ်ကိုလည်း ဝိုးတိုးဝါးတား ဖြစ်သွားပြီ"

"ဟာဗျာ။ အဲဒါဆို ဘယ်လိုလုပ်မလဲ။ အခုတော့ ကျုပ်က လမ်းဆုံးနေပြီပေါ့။ ခင်ဗျားက ကျွန်တော့်ကိုယ်စောင့်နတ်ပဲဗျာ။ ကျွန်တော့်ကို ခေါ်သွားတဲ့ သေမင်းကိုတော့ မှတ်မိသင့်တာပေါ့။ ပြီးတော့ စစ်လည်း စစ်ဆေးသင့်တယ်"

"ကျုပ်က ဘယ်လိုစစ်ဆေးရမှာလဲ"

"ကျွန်တော် သေနေ့စေ့မစေ့ဆိုတာကိုပေါ့"

"ဟင်"

❑



ဒီလိုနဲ့ ကိုယ်စောင့်နတ်အဟောင်းနှင့် ခန္ဓာကိုယ်အဟောင်းတို့ အခြေအတင် ဖြစ်ကြလေ၏။

ခန္ဓာကိုယ်အဟောင်းကလည်း 'လာပြောတဲ့ သေမင်းကို မသိရကောင်းလား' 'ကိုယ်စောင့်ရှောက်ရတဲ့ လူရဲ့ခန္ဓာကိုယ်ကို သေနေ့စေ့မစေ့ မစစ်ဆေးရဘူးလား' စသည်ဖြင့် ပြစ်တင်ဝေဖန်လေ၏။

ကိုယ်စောင့်နတ်အဟောင်းကလည်း 'အခြားကိုယ်စောင့်နတ်တွေလည်း အဲဒီလိုမျိုး စစ်ဆေးလေ့မရှိကြောင်း' 'သေမင်းက လာပြောတာနဲ့ ခန္ဓာကိုယ်ကနေ တန်းပြီး ထွက်ခွာရကြောင်း' စသည်ဖြင့် ပြန်ချေပလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့သို့ဖြင့် တဖြေးဖြေး ပြစ်တင်ပြောဆိုမှုတွေဟာ ပြင်းထန်လာလေ၏။ နန္ဒဝန်ဥယျာဉ်ထဲတွင်လည်း သူတို့နားပတ်လည်တွင် အခြားနတ်သား၊ နတ်သမီးများဖြင့် ပြည့်နှက်နေ၏။

ထို့ပြင် တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ထိုပြဿနာသည် ဘုံဗိမာန်တစ်ခုချင်း၊ တစ်ခုချင်း အလျှင်အမြန် ပျံ့နှံ့သွားလေ၏။

(၂၆)

"ဒီမှာ ကျွန်တော် နောက်ဆုံးပြောမယ်"

ခန္ဓာကိုယ်အဟောင်းက ကိုယ်စောင့်နတ်အဟောင်းကို ကြည့်ပြီး ဒေါသတကြီး ပြောလိုက်၏။

"ဘာလဲ"

"ကျွန်တော့်ကိစ္စကို ဘယ်လိုလုပ်ပေးမလဲ"

"ဟ... ငါက ဘာတတ်နိုင်မှာမို့လဲ။ မင်းကြိုက်သလို လုပ်ကွာ"

"ပြီးရော... ခင်ဗျားကို ခင်ဗျားတို့ရဲ့ သိကြားမင်းနဲ့ တိုင်မယ်"

ထိုစကားကိုကြားတော့ ကိုယ်စောင့်နတ်အဟောင်းဟာ ဟားဟား ရယ်ရင်း-

"မင်းက သိကြားမင်းလို့ ဆိုရအောင်၊ သူ ဘယ်မှာနေလဲ

www.burmeseclassic.com

www.burmeseclassic.com



တောင် သိလို့လား"

"သိတာပေါ့ဗျ"

"ဒါဆို သူအခု ဘယ်မှာလဲသိလား"

"သုမေ္မာ ဓမ္မာရုံကြီးမှာ ရှိတယ်လေ"

"မင်း. . . မင်း ဘယ်လိုလုပ်သိလဲ"

"ဟာ. . . လှည့်ပြည်တုန်းက စာဖတ်ထားတာကိုးဗျ"

ဟုပြောရင်း သူနဲ့အတူပါလာသော စောင့်နတ်ကို သုမေ္မာ ဓမ္မာရုံကြီးကို လိုက်ပို့ရန် ပြောလိုက်လေ၏။

❑

## (၂၇)

နတ်ပြည်တွင် စူဠာမဏိစေတီတော်နှင့် သုမေ္မာ ဓမ္မာရုံကြီးတို့ တည်ရှိကြသည်။

စူဠာမဏိစေတီတော်မှာ တစ်ယူဇနာမြင့်သော မြသားစေတီတော်ကြီးဖြစ်ပြီး ထိုစေတီတော်အတွင်းတွင် ဆံတော်ဓာတ်နှင့် လက်ယာစွယ်တော်ဓာတ်များ ကိန်းဝပ်တော်မူလျက် ရှိသည်။

သဒ္ဓါတရား ထက်သန်သော နတ်သား နတ်သမီးမောင်မယ်စုံနတ်များမှာ နတ်ပြည်တွင် သက်တမ်းကလည်းရှည်၊ စိတ်ဓာတ်ကလည်း ကြည်သောကြောင့် အခြားမောင်မယ်စုံတွဲတွေလို ဥယျာဉ်ထဲ၌ ပျော်ပွဲမလုပ်ပဲ စေတီတော်ထံပါး၌ ပန်းစသော လှူဖွယ်ပစ္စည်းများကို ဆည်းကပ်ရင်း ရသမျှ ပါရမီတိုးပွားအောင် ကြိုးစားကြ၏၊

သုမေ္မာ ဓမ္မာရုံကြီး. . .။

ဤဓမ္မာရုံ အဆောက်အအုံကြီးတွင် ရတနာမျိုးစုံကို သူ့နေရာနှင့်သူ သုံးစွဲထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဓမ္မာရုံအနီးတွင် တည်ရှိသော ပင်လယ်ကသစ်ပင်မှ ပန်းများကလည်း ဓမ္မာရုံအတွင်းသို့ သင်းပျံ့သော ရနံ့များ ပျံ့နှံ့အောင် ဆောင်ရွက်ပေးလျက် ရှိနေသည်။

အလယ်ဗဟို တရားပလ္လင်တွင် ထီးဖြူကြီး စိုက်ထူထားပြီး တရားပုလ္လင်၏ဘေးတွင် သိကြားမင်း၊ ပဇာပတိနတ်မင်း၊ ကရုဏာနတ်မင်း၊ ဤသာနနတ်မင်း စသော နတ်မင်းကြီးများက တန်းစီထိုင်နေပြီးနောက် ထင်ရှားသော နတ်များနှင့် မထင်ရှားသော နတ်များကလည်း သူ့နေရာနှင့် သူအသီးသီး ထိုင်နေကြသည်။

ဤနေရာသည် နတ်ပြည်အတွင်း တရားဟောရာ ဓမ္မာရုံပင် ဖြစ်လေသည်။ တစ်ခါတစ်ရံ သနင်္ကုမာရဗြဟ္မာမင်းက ဗြဟ္မာပြည်မှဆင်း၍ တရားဟောလေ၏။

ထိုတိုင်တန်းချင်သော ခန္ဓာကိုယ်အဟောင်းနှင့် ကိုယ်စောင့်နတ်အပြင် အခြားစိတ်ဝင်စားသော နတ်သား နတ်သမီးများ ရောက်သွားသော အချိန်သည် တရားပွဲပြီးလို့ မိမိတို့ ဘုံဗိမ္မာန်ကို ပြန်ခါနီးအချိန် ဖြစ်နေလေ၏။

□

(၂၈)

ဓမ္မာရုံအပြင်တွင် ဆူညံဆူညံအသံများကြောင့် သိကြားမင်းသည် တရားဟော ပလ္လင်နားကနေ မထသေးပဲ ခပ်လှမ်းလှမ်းရှိ နတ်သားတစ်ပါးကို လှမ်းမေးလိုက်၏။

“ဘာသံတွေလဲဟေ့”

နတ်သားတစ်ပါးချင်း အဆင့်ဆင့် မေးသွားသော ကြောင့် နောက်ဆုံးတွင် သိကြားမင်းဆီ ပြန်ရောက်လာ၏။

“အပြင်မှာ ဘယ်သွားရမှန်းမသိတဲ့ သေပြီးသားသူက အရှင်သိကြားမင်းကြီးနဲ့ တွေ့ချင်လို့တဲ့ ဘုရား”

“ဟေ. . . ဘယ်သွားရမှာ မသိတဲ့ သေပြီးသားသူ ဟုတ်လား”

“ဟုတ်ပါတယ် ဘုရား”

“သူက ငါနဲ့တွေ့ပြီး ဘာလုပ်မလို့လဲ”

“သူ့ကိုယ်စောင့်နတ်ကို သိကြာမင်းဆီမှာ တိုင်ချင်လို့တဲ့”

www.burmeseclassic.com

www.burmeseclassic.com



"အလို"

သိကြားမင်း မျက်ခုံး ပင့်သွားသည်။

သူ့သက်တမ်းတစ်လျှောက်လုံး တိုင်တာတွေ မရှိခဲ့။ ကြားလည်း မကြားခဲ့ဖူးပေ။

အခုကျမှ ဘယ်သွားရမှန်းမသိတဲ့ သေပြီးသားသူတဲ့။ ပြီးတော့ ကိုယ်စောင့်နတ်အဟောင်းကို တိုင်ချင်လို့ဆိုတော့. . .

သိကြားမင်းသည် အတော်လေးကို စိတ်ဝင်စားသွား၏။ ခုနက တရားတော်ကို နာပြီးသည့် အရှိန်ဖြင့် စိတ်ကလည်း ကြည်လင်နေသည်။ တည်ငြိမ်နေသည်။

"ကဲ. . . ကဲ၊ သက်ဆိုင်သူတွေ ငါ့ရှေ့ကို ခေါ်ခဲ့ကြပါဦး"

□

(၂၉)

"အင်း. . . မင်းအဖြစ်ကလည်း ဆိုးလှပါလား။ ပြီးတော့ ဒီအဖြစ်အပျက်က ဒီမှာတစ်ခါမှ မဖြစ်ဖူးဘူးကွ"

သိကြားမင်းသည် သေပြီးသားလူ (နောက်ပိုင်းလူဟုသာ သုံးစွဲသွားပါမည်)အား ပြောပြလေ၏။

လူကလည်း ဖိတ်ဖိတ်တောက်နေသော သိကြားမင်းကို ကြောက်သည့်အရှိန်ဖြင့် ဘာမှမပြောပဲ ငြိမ်နေသည်။

ထိုသို့ ငြိမ်နေသောကြောင့် သိကြားမင်းက မေးလိုက်၏။

"အဲဒီတော့ ဒီကလူက ဘယ်လိုလုပ်ချင်လဲ"

"အဲဒီကိစ္စကို စစ်ဆေးပေးစေချင်တယ်"

"အင်း. . . ဒီက ကိုယ်စောင့်နတ် ပြောတာလည်း မှန်တယ်။ ကိုယ်စောင့်နတ်ဆိုတာ သေမင်းက သေတော့မယ်လို့ပြောရင် ခန္ဓာကိုယ်က ထွက်ရတာ သဘာဝပဲ။ သူ့မှာ စစ်ဆေးလို့မှ

www.burmeseclassic.com

www.burmeseclassic.com



မရတာ။ သေမင်းစကားကိုပဲ ယုံကြည်ရတာပဲ”

“အဲဒါတော့ မသိဘူးပါဘူး သိကြားမင်း၊ နတ်ပြည်တစ်ခုလုံးနဲ့ ကျွန်တော်တစ်ယောက်တည်းကို ဖြစ်နေတော့ ကျွန်တော့် အခွင့်အရေး ဆုံးရှုံးသလို ဖြစ်နေတယ်လို့ ခံစားနေရတယ်”

“အင်း. . .”

“ဒီတော့. . . သိကြားမင်း ကျွန်တော့်ကို တစ်ခုလုပ်ပေးပါ”

“ဘာလုပ်ပေးရမှာလဲ”

“သိကြားမင်းတန်ခိုးနဲ့ အဲဒီလာပြောတဲ့ သေမင်းကို ရှာပေးပါ”

“အလို”

သူ့ရဲ့စကားကြောင့် ဓမ္မာရုံအတွင်း နားထောင်နေကြသော နတ်သားနတ်သမီးများမှာ ပိုင်းရယ်ကြတော့သည်။

□

(၁၀)

“တန်ခိုးဆိုတာ လိုတိုင်းသုံးလို့ ကောင်းတာမဟုတ်ဘူးကွ။ သူ့နေရာနှင့်သူ၊ သူ့အချိန်နဲ့သူသုံးမှ အဆင်ပြေမှာ ပြီးတော့ ငါတအခုပဲ ဥပုဒ်စောင့်ထားတာဆိုတော့ မသုံးသင့်သေးဘူး”

“ဒီတော့ ကျွန်တော်က ဘယ်လိုလုပ်မလဲ”

သိကြားမင်းသည် တစ်ခုခုကို စဉ်းစားနေပုံရသည်။

ထို့နောက်မှ လူဘက်လှည့်ပြီး-

“တစ်ခုတော့ ကူညီလို့ရတယ်”

“ဟင်. . . ဘာ. . . ဘာများလဲ”

“မင်းရဲ့ ကံကြမ္မာပုရပိုဒ်ကိုတော့ ကြည့်ပေးလို့ရတယ်”

“ဗျာ”

“ဟင်”

“အို”

www.burmeseclassic.com

www.burmeseclassic.com



လူတင်မဟုတ်ပဲ ဓမ္မာရုံအတွင်းရှိ နတ်သား နတ်သမီး အားလုံးမှာ သိကြားမင်းစကားကြောင့် တအံ့တသြ ဖြစ်သွားကြလေတော့သည်။

တီးတိုးသံများလည်း ထွက်လာကြ၏။

လူမှာလည်း တအံ့တသြ ဖြစ်နေသော နတ်သား၊ နတ်သမီးများတို့ကြည့်ပြီး ပို၍အံ့သြနေလေသည်။

ဘာဖြစ်လို့ သူတို့က အံ့သြနေကြတာလဲ။ 'ကံကြမ္မာပုရပိုဒ်' ဆိုတာ ဘာလဲ၊

စသည်ဖြင့် ဒွိဟာဖြစ်နေတုန်းမှာပဲ သိကြားမင်းက 'ကံကြမ္မာပုရပိုဒ်' အကြောင်းကို ရှင်းပြ၏။

❑



## ကံကြမ္မာပုရပိုဒ်

လူသားတစ်ဦး မွေးဖွားလာသည် ဆိုတာနဲ့ သူ့မှာ သူ့ကံကြမ္မာသူ ပါလာပြီးသားဟု ဆိုလေ့ရှိကြသည်။

ဒီကလေး မွေးလာကတည်းက စီးပွားတတ်တာလေ။ သူက အထုပ်ပိုက်ပြီး လာတာ။ ကံကောင်းတဲ့ ကလေးလေ. . . စသည်ဖြင့် ကြားရတတ်သည်။

ထိုကလေးသည် မွေးကတည်းက သေဆုံးသည်အထိ ဘယ် အချိန်မှာ ဘာဖြစ်ရမယ်။ ဘယ်လိုဘဝမျိုး၊ ဘယ်လိုလူမျိုးတွေနဲ့ တွေ့ရမယ်။ ဘယ်လိုဒုက္ခရောက်မယ်။ ဘယ်သူနဲ့ အိမ်ထောင်ကျမယ် (ဖူးစာဆိုတဲ့စကား). . . စသည်တို့ကို အသေးစိတ်ရေးသား ထားသည့် ပုရပိုဒ်ကို ကံကြမ္မာပုရပိုဒ်ဟု ခေါ်သည်။

တစ်ဦးချင်းတစ်ယောက်ချင်း၏ ဖြစ်လာမည့် အကြောင်းအရာများကို ရေးသားထားသော ပုရပိုဒ်များ ထားရာနေရာကို ကံကြမ္မပုရပိုဒ်ဗိမ္မာန်ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဗိမာန်သည် တာဝတိံသာမှ အထက်နတ်ပြည် ၄ ပြည်တွင် တည်ရှိသည်။ လူများအပြင် နတ်သား၊ နတ်သမီးများ၊ ဗြဟ္မာများ စသည့်အားလုံးအားလုံး တစ်ဦးချင်း အသေးစိတ်ပါသောကြောင့် လူတိုင်း နတ်တိုင်းက ကြည့်ချင်ကြသော နေရာတစ်ခုဖြစ်သည်။

သို့သော် ဘယ်သူမှ ကြည့်ရှုခွင့်မရ။ ထိုဗိမာန်ကို စောင့်ရှောက်ရသည့် နတ်တစ်ပါးရှိသည်။ ထိုနတ်ကပင် ဦးစီးပြီး ပုရပိုဒ်များကို ထိန်းသိမ်းခြင်း၊ အသစ်ပေါ်လာသော သူတစ်ဦးအတွက် အသစ်ပေါ်လာသော ပုရပိုဒ်များကို သိမ်းဆည်းခြင်းများ ပြုမူရသည်။

ဒါဆို ထိုကံကြမ္မာပုရပိုဒ်ကို ဘယ်သူရေးသလဲ။ ဘယ်သူမှ မရေးပါ။

လူတစ်ဦး (သို့) နတ်ဖြစ်လာပါက သူပြုသည့် ကံကိုလိုက်ပြီး သူ့အကြောင်းအရာသည် ပုရပိုဒ်ပေါ်တွင် အလိုလိုပေါ်လာသည်။ ထိုပုရပိုဒ်ကို သိမ်းဆည်းရခြင်း ဖြစ်သည်။

ထိုဗိမာန်ကို စောင့်သည့်နတ်သားကို ကံကြမ္မာစောင့်နတ်မင်းဟု ခေါ်သည်။ ဘယ်သူမှ သွားလို့မရသည့် တားမြစ်ထားသည့် ဗိမာန်တစ်ခုလည်း ဖြစ်သည်။

အချို့နတ်တွေက သူတို့၏ ရှေ့ဆက်ဖြစ်လာမည့် အကြောင်းကို သိချင်ကြသောကြောင့် ကံကြမ္မာစောင့်နတ်မင်းကို ကပ်ပြီး သူတို့



ပုရပိုဒ်ကို ကြည့်ရှုရရန် ကြိုးစားကြသည်။——

ထိုအခါ ကံကြမ္မာစောင့်နတ်မင်းက တစ်ခွန်းထဲ ပြောသည်။

**"ကံကြမ္မာပုရပိုဒ်ဆိုတာ တစ်သတ်မတ်ထဲ မဟုတ်ဘူးကွ။ အပြောင်းအလဲဆိုတာ အချိန်မရွေး ရှိတယ်။ ယခု လက်ရှိလုပ်နေတဲ့ ကုသိုလ်ကောင်းမှု၊ အကုသိုလ် စတာတွေပေါ်မူတည်ပြီး ကံကြမ္မာ ပုရပိုဒ်မှာပါတဲ့ အချက်တချို့ ပြောင်းသွားတာ ရှိတဲ့အတွက် သိသွားလဲ ဘာအကျိုးထူးမှာလဲ"ဟု ဆိုသည်။**

တချို့တွေက ထိုစကားကို နားလည်ကြချေ။ သို့သော် ပြန်လည်း မမေးရဲကြ။

ထိုအခါမျိုးဆိုရင် ကံကြမ္မာစောင့်နတ်မင်းကလည်း ပါးသည်။ အောက်ပါပုံဝတ္ထုကို ပြောပြလေ့ ရှိ၏။

**တစ်ခါတုန်းက လူနှစ်ယောက် ရှိ၏။ တစ်ဦးမှာ လက်ရှိ ဘဝမှာတင် ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး နောက်တစ်ဦးတော့ ဆိုးနေသည့် လူမိုက်တစ်ဦး ဖြစ်သည်။**

**တစ်နေ့ သူတို့နှစ်ဦး ခရီးအတူ ထွက်လာသောအခါတွင် လိမ္မာသော သူမှာ ခလုတ်တိုက်မိလဲသွားပြီး အတော်လေး ဒဏ်ရာရသွား၏။**

**လူဆိုးကလည်း လူကောင်းကိုကြည့်ပြီး ရယ်တာပေါ့။ အဲဒီလိုနဲ့ လူကောင်းလည်း ဒဏ်ရာရသွားတာတို ဖေးမ**

www.burmeseclassic.com



ထိန်းရင်း ဆက်လျှောက်လာရာ ခဏအကြာတွင် လူဆိုးမှာလည်း ခလုတ်တိုက် လဲကျသွားလေ၏။

သို့သော် လူဆိုးမှာ ဒဏ်ရာမရသည့်အပြင် ရွှေဒင်္ဂါး ၂ ပြားပင် ကောက်ရလေ၏။

ထိုအခါ လူကောင်းမှာ မကျေနပ်နိုင်တော့။ သူ့မှာ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့သူတစ်ဦး ဖြစ်ပေမယ့် ဒီခရီးမှာ ဒဏ်ရာရခဲ့သည်။

ယခု တစ်ချိန်လုံး အကုသိုလ် လုပ်နေသူတစ်ဦးက ချော်လဲသော်လည်း ဘာမှမဖြစ်တဲ့အပြင် ရွှေဒင်္ဂါး ၂ ပြားပင် ကောက်ရသည်ဟုဆိုသောကြောင့် မကျေမနပ် ဖြစ်မိသည်။

ထို့ကြောင့် သူ့မကျေနပ်ချက်ကို သက်ဆိုင်ရာ နတ်များကို တိုင်တန်းလေ၏။

ထိုအခါ သူ၏ တိုင်တန်းချက်ကို ကြားရသော နတ်တစ်ပါးက-

"အသင်လူသား၊ သင်သည် ယခုအဖြစ်အပျက်ကို စိတ်ဆိုးခြင်း မပြုပါနှင့်၊ မည်သို့ဆိုသော် ဤခရီးလမ်းတွင် သင်သည် သေဖို့ကံပါလာသော်လည်း ယခုဘဝ၌ ပြုလုပ်သော ကောင်းမှု ကုသိုလ်ကံကြောင့် ဒဏ်ရာအနာတရ ဖြစ်ခြင်း ခြင့်သာ ပြီးဆုံးသွားခြင်း ဖြစ်၏၊ ထို့ပြင် ထိုဆိုးသွမ်းသော သူကလည်း ရှေးဘဝပြုခဲ့သည့်ကံကြောင့် ဤခရီးတွင် ရတနာ



ရွှေထုပ်များစွာကောက်ရရန် ကံပါသော်လည်း ယခုဘဝ၌ ပြုလုပ်သည့် မကောင်းမှုတွေကြောင့် ရွှေဒင်္ဂါး ၂ ပြားသာ ကောက်ရခြင်း ဖြစ်ပါသည်"ဟု ဖြေကြားလိုက်လေ၏။

ထိုအခါမှပဲ လူကောင်းသည် ကျေနပ်သွားပြီး သူ၏ ခရီးကို ရှေ့ဆက်သွားလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

သိကြားမင်းသည် ကံကြမ္မာစောင့်နတ်မင်းကို ဆင့်ခေါ်လိုက်၏။ ကံကြမ္မာစောင့်နတ်မင်းကလည်း သိကြားမင်း ဆင့်ခေါ်သောကြောင့် ချက်ချင်း ရောက်လာလေသည်။

"ကံကြမ္မာစောင့်နတ်မင်း"

"ဘုရား"

"ဒီက သူ့ရဲ့ကံကြမ္မာပုရပိုဒ်ကို ယူပြီးဖတ်စမ်းပါ"

ကံကြမ္မာစောင့်နတ်မင်း၏ လက်ထဲတွင် ချက်ချင်းဆိုသလို ပုရပိုဒ်တစ်ခု ရောက်လာပြီး-

"ရပါပြီ ဘုရား"

ဟုဆိုပြီး သိကြားမင်းကို လျှောက်တင်လိုက်၏။

သိကြားမင်းကလည်း-

"ကဲ. . . ကဲ. . . ဖတ်ပြပါဦး"

ဟု ပြောလိုက်၏။



"မှန်ပါ့ဘုရား။ နာမည် တင်အောင်သန်းထွေးဝင်းလို့ အမည်တွင်မယ့်သူဟာ. . . ဝါခေါင်လဆန်း ----- ရက်နေ့မှာ မွေးဖွားမှာဖြစ်ပါတယ်။ သူသည် အဖဦးသော်ထွန်း၊ အမိ ဒေါ်ချမ်းဝေတို့ဆီမှာ သားတစ်ဦး ဖြစ်လာမှာပါ။ ပုံမှန်စီးပွားရေးရှိပြီး ချောင်လည်တဲ့ မိသားစုမှာ ကလေးတစ်ဦး စတင်ဖြစ်ရမှာပါ။ သူ့အတိတ်ကကံမှာ ကုသိုလ်ကောင်းမှုစိတ် ရှိတယ်၊ မရှိတယ်ဟု မဆိုထားသောကြောင့် အလယ်အလတ် ဝင်ငွေ အဆင့်အတန်း ရှိသည့် မိသားစုတွင် လူသွားဖြစ်ခြင်း ဖြစ်ပါတယ်"

"ကဲ. . . ကဲ. . . အရေးကြီးတဲ့ အချက်အချို့တွေပဲ ပြောပါကွာ၊ ဒါတွေက ပြီးသွားပြီပဲ"

"မှန်. . . မှန်ပါ့ သိကြားမင်း"

ဟု လျှောက်တင်ပြီးနောက် ကံကြမ္မာစောင့်နတ်မင်းသည် အောက်ပါအတိုင်း ရေရွတ်လေတော့သည်။

**အသက် (၆)နှစ်သားမှာ ရေနစ်ရမည်။ သို့သော် သေဆုံးသည်အထိ မဖြစ်ရ။ (၇)နှစ်တွင် တွေ့ရသော သူငယ်ချင်းများသည် ကောင်းမွန်သော သူငယ်ချင်းများနှင့်သာ တွေ့မည်။**

**. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .။**

**(၈)နှစ်တွင် အပြင်းဖျားမည်။ . . . . . . . . . . . . . . . . . . .**

**. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .**

**. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .**

www.burmeseclassic.com

www.burmeseclassic.com



.......................................။

အသက် (၂၀)ကျော်ပြီး (၂)ရက်တွင် အင်ဂျင်နီယာတစ်ဦး ဖြစ်နေလိမ့်မည်။ ..........................

.......................................

.......................................

(.....ရက် .........လ ........ခုနှစ်)တွင် ခရီးသွားရင်း အပြင်းအထန် ဒဏ်ရာတစ်ခုရမည်။

.......................................

.......................................

.......................................

(၂၅)နှစ်မွေးနေ့ မရောက်ခင် (၃)ရက်အလို ( ----- ရက် ------ လ ----ခုနှစ်)တွင် လင်းစံပယ်ဆိုသည့် ကောင်မလေး တစ်ယောက်နှင့် ချစ်သူရည်းစား ဖြစ်မည်။ ထိုကောင်မလေးသည် တင်အောင်သန်းထွေးဝင်နှင့် ယှဉ်လျှင် အသက်ငါးနှစ်ခန့် ငယ်မည်။...........................

.......................................

.......................................

(၂၅)နှစ်ပြည့်ပြီး ခြောက်လအကြာတွင် ထိုလင်းစံပယ်ဆိုသည့် အမျိုးသမီးနှင့်ပင် လက်ထပ်မည်။ ..............

.......................................



.......................................

အိမ်ထောင်ကျပြီး တစ်နှစ်ခွဲခန့်အကြာ (....ရက် ............လ ..........ခုနှစ်)တွင် တင်အောင်သန်းထွေးဝင်း၏ ဇနီးဖြစ်သည့် လင်းစံပယ်သည် အခြားအမျိုးသား တစ်ဦးနှင့် ဖောက်ပြန်မည်။

"ဟင်"

ထိုနေရာရောက်သောအခါ လူသည် အပြင်းအထန် ကန့်ကွက်လေ၏။

"ဒါ. . . ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျ။ သူ. . . သူ ကျွန်တော့်မိန်းမက ကျွန်တော့်ကိုပဲ ချစ်တာပါဗျ။ ဒါမှားနေတာ ဖြစ်မယ်"

သူဘယ်လိုပဲ ကန့်ကွက်၊ ကန့်ကွက်၊ သိကြားမင်းနှင့်တကွ ခမ္မာရုံထဲက ရှိသောသူများမှာ သူ့ကို ဝိုင်းကြည့်နေကြ၏။

ကံကြမ္မာစောင့်နတ်မင်းကလည်း သူ့ရဲ့စကားကို အရေးထားပဲ ဆက်ဖတ်လေ၏။ လူမှာ သူ့မိန်းမ ဖောက်ပြန်သည် ဆိုသော စကားကိုကြားရသောအခါတွင် စိတ်မထိန်းနိုင်ပဲ မျက်ရည်များ ကျလာလေ၏။

ကံကြမ္မာစောင့်နတ်မင်းကြီး၏ နောက်ဆက်တွဲ ဆက်ဖတ်နေသော သူ့ဖြစ်စဉ်များကို မကြားရတော့။

တကယ်တော့ ကံကြမ္မာစောင့်နတ်မင်းကြီး ရှေ့က ဖတ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် သူ့ဖြစ်စဉ်များသည် တစ်ခုမကျန် အသေးစိတ် မှန်ကန်နေလေ၏။

သူဘယ်လိုလုပ်ရမလဲ။ သူ့စိတ်သည် ဆောက်တည်ရာမရဖြစ်နေလေသည်။ အိမ်ထောင်သက်တမ်း တစ်လျှောက်လုံး သူ့ဘက်က တာဝန်ကျေခဲ့သည်။

သစ္စာရှိခဲ့သည်။ ဘာဖြစ်လို့များ စံပယ်က ငါ့ကို သစ္စာဖောက်ရတာလဲ။ လူသည် စိတ်မထိန်းနိုင်တော့ပဲ ငိုချလိုက်လေတော့၏။

❑

## (၁၂)

လူနှင့်အတူ ကြောင်တောင်တောင် ဖြစ်သွားသောသူမှာ လူ၏ ကိုယ်စောင့်နတ်အဟောင်း ဖြစ်သည်။

သူလည်း မမျှော်လင့်သော အကြောင်းအရာကို ကြားလိုက်ရသောကြောင့် အံ့ဩမှင်သက် ဖြစ်နေလေသည်။

သူစောင့်ရှောက်နေသော လူနှင့် အခြားအမျိုးသမီးတို့ ကြိုက်လျှင် ထိုအမျိုးသမီးငယ် ကိုယ်စောင့်နတ်သမီးနှင့် သူနှင့် ကြိုက်လို့သာ သူတို့နှစ်ဦး သင့်မြတ်ကြခြင်း ဖြစ်သည်။

သူသည် လင်းစံပယ် ကိုယ်စောင့်နတ်မလေးကို ချစ်မြတ်နိုး၏။ အတူပျော်ခဲ့ရသော နေ့တွေကိုတောင် နတ်ပြည်ပြန်ရောက်သည့်တိုင် သတိရနေသေးသည်။

ယခု ဘယ်လိုဖြစ်တာလဲ။ သူ့နားပင် သူမယုံနိုင်တော့။ လင်းစံပယ် အခြားတစ်ယောက်နှင့် ဖောက်ပြန်ခြင်းသည် လင်း

www.burmeseclassic.com

www.burmeseclassic.com



စံပယ်၏ ကိုယ်စောင့်နတ် တာဝန်မကင်းဟု ဆိုရပေမည်။

သူမ၏ ကိုယ်စောင့်နတ် ကိုယ်တိုင်ကပင် အခြားယောကျ်ား တစ်ဦး၏ ကိုယ်စောင့်နတ်နှင့် ချစ်မြတ်နိုး ဖောက်ပြန်နေ၍သာ လူသားရော၊ ကိုယ်စောင့်နတ်ပါ ဖောက်ပြန်ကြခြင်း ဖြစ်သည်။

ထို့ပြင် တစ်ခုခုတော့ လွဲနေပြီဟုလည်း ချက်ချင်းခံစား လိုက်ရသည်။ ကံကြမ္မာစောင့်နတ်မင်း၏ ဆက်ရွတ်နေသံကို သဲ့သဲ့ လေး ကြားနေရ၏။

"အိမ်ထောင်သည် ဘဝတွင် စီးပွားရေး အဆင်ပြေ မည်။ လုပ်ငန်းကောင်းမည်။ ....................

....................................

....................................

....................................

....................................

အသက် (၂၇)နှစ်ပြည့်ခါနီး (၂)ရက်အလိုတွင် မိခင်သေဆုံး မည်ဖြစ်သည်။ ..............................

....................................

....................................

....................................

....................................

....................................



အခု ဒီပုရပိုဒ် မှတ်တမ်းပိုင်ရှင်ဟာ အသက်(၇၃)နှစ်ပြည့်ဖို့ ၃ လနဲ့ တစ်ရက်အလိုတွင် ကွယ်လွန်မည် ဖြစ်သည်။"

"ဟင်"

"ဟာ"

"ဒါဆို လွဲနေတာပေါ့"

ကံကြမ္မာစောင့်နတ်မင်းမှ သေဆုံးမည့် အသက်ကို သိရ သောအခါတွင် ဓမ္မာရုံတစ်ခုလုံး ဝေဖန်သံများ စကားပြောသံများ နှင့် ဆူညံသွားလေတော့သည်။

"အဲဒါအကုန်ပဲလား"

"ဟုတ်ပါတယ်. . . သိကြားမင်း၊ ပုရပိုဒ်ရဲ့ အဆုံးပါပဲ"

သိကြားမင်းကလည်း ကံကြမ္မာစောင့်နတ်မင်းကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ပုရပိုဒ်ထဲမှာ ထိုအတိုင်းပဲ ရေးထားသည်ဟု ဆိုသည်။

"မောင်မင်း အခုအသက်ဘယ်လောက်မှာ ကွယ်လွန်တာလဲ"

"၃၁ နှစ်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ကံကြမ္မာပုရပိုဒ်ထဲမှာပါတဲ့ သေဆုံးမယ့် အသက်နဲ့ အတော်ကြီးကို ကွာတာပဲ"

သိကြားမင်းလည်း စဉ်းစားမရ ဖြစ်သွားသည်။

ကံကြမ္မာပုရပိုဒ်သည် အမြဲတမ်း မှန်ရမည် ဖြစ်သည်။ အခုတော့ (၇၃) နှစ်မှာ သေဆုံးရမည့်သူသည် (၃၁)နှစ်မှာ သေဆုံးပြီး ဘယ်နေရာမှ စာရင်းမဝင်သည့်သူ ဖြစ်နေသည်။

ထိုအချိန့်တွင် သိကြားမင်းသည် မျက်နှာအမူအရာ ပျက်နေသော ကိုယ်စောင့်နတ်အပေါင်းကို သတိထားမိလိုက်၏။

"မောင်မင်းက သူ့ရဲ့ကိုယ်စောင့်နတ်အပေါင်းလား"

"မှန်ပါ့ဘုရား"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာပြောချင်သေးလဲ"

"ဘာ. . . ဘာမှမရှိပါဘူး ဘုရား"

သိကြားမင်းကို မော့မကြည့်ပဲ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

"ကောင်းပြီ. . . ဒါဆို လုပ်စရာ တစ်ခုပဲ ရှိတော့တယ်။ အဲဒါက ဘာလဲဆိုတော့ သေမင်းတွေကို အချိန်ခဏလောက် ခေါ်တွေ့ဖို့ပဲ ရှိတော့တယ်။ ပြီးတော့ ဒီကိစ္စကို ဘာဖြစ်တာလဲ မေးရမယ်။ ဘယ်သူမှားတာလဲ မှားတဲ့လူကို ဖော်ထုတ်ရမယ်"

"သင့်မြတ်ပါတယ် ဘုရား"

"ဒါပေမယ့် သေမင်းတွေမှာက သေမင်း ချုပ်ဆိုတာ မရှိ



ဘူး။ သေမင်းတွေက သူ့တာဝန်သူ ထမ်းဆောင်နေတာ။ သူတို့ကလည်း အလုပ်က ခပ်များများဆိုတော့ အချိန်လည်း သိပ်ရမှာမဟုတ်ဘူး။ ပြီးတော့ ကျုပ်အာဏာတစ်ခုတည်းနဲ့ သူတို့ကို ခေါ်လို့မရဘူး။ ငရဲမင်းကြီးရဲ့ အာဏာနဲ့ ကျုပ်ရဲ့အာဏာ နှစ်ခုပေါင်းပြီးမှ သေမင်းတွေကို ဆင့်ခေါ်လို့ရမယ်။ ကဲ. . . နတ်သားတို့ သေမင်းတွေ စုရုံးလို့ရအောင် နတ်ပြည်နဲ့ ငရဲပြည်ကြားက ကွက်လပ်အကျယ်ကြီးကို ရှင်းလင်းဖို့ လုပ်ထားကြစို့။ ပြီးတော့. . . ငရဲမင်းကြီးကိုလည်း ကျုပ်နဲ့အမြန်ဆုံး တွေ့ဖို့ သဝဏ်လွှာရေးပြီး အမြန်ဆုံး ဆက်သစေ။ ငရဲမင်းကြီးနဲ့အဖွဲ့ကိုပါ ဤဖြစ်ရပ် ကြားနာရေးကိစ္စတွင် ကိုယ်တိုင်ကိုယ်ကျ လာရောက်နားထောင်စေရန် နေရာထိုင်ခင်း စီစဉ်ပေးစေ"ဟုဆိုပြီး အမိန့်ချမှတ်ကာ ခမ္မာရုံထဲကနေ ထွက်ခွာသွားလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ပူလွန်းလို့
မြစ်တွေတောင်
ငါ့ဆင်းမှာကို လက်မခံပဲ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၃၃)

ငရဲပြည်နှင့် နတ်ပြည်ကြား ကွက်လပ်မြင်ကျယ်ကြီးတွင် နတ်သားများ၊ နတ်သမီးများနှင့် ငရဲပြည်က ငရဲသားများနှင့် ပြည့်ကျပ်နေလေသည်။

ထို့ပြင် အထူးဆင့်ခေါ်ထားသော သေမင်းများကလည်း တဖွဲဖွဲနှင့် ရောက်လာကြကာ ကွင်းပြင်ကြီးတစ်ခုလုံး ပြည့်သွားလေသည်။

သေမင်းများကလည်း သိကြားမင်းနှင့် ငရဲမင်းတို့ အမိန့်နှင့် ဆင့်ခေါ်လို့သာ ရောက်ရှိလာသော်လည်း အချိန်အနည်းငယ်သာရကြောင်း၊ ဝိညာဉ်နုတ်ရသည့် အလုပ်များက အချိန်တိုင်းရှိကြောင်းဖြင့် ညည်းညူပြောဆိုနေကြလေသည်။

ခဏအကြာတွင် သိကြားမင်းနှင့် ငရဲမင်းကြီးတို့သည် ကွင်းပြင်တွင် ပြုလုပ်ထားသော ပလ္လင်တွင် ဝင်ထိုင်လိုက်ကြပြီးနောက်-

www.burmeseclassic.com

www.burmeseclassic.com



"သေမင်းတို့"

ဟုဆိုပြီး သိကြားမင်းက သေမင်းများကို ကျယ်လောင်စွာ နှုတ်ဆက်လိုက်သည်။ သေမင်းများကလည်း သိကြားမင်းနှင့်တကွ အားလုံးကို ဦးညွှတ်လိုက်ကြ၏။

"ကျုပ် ဒီနေ့ သေမင်းတွေကို ခေါ်ရတာက ကျုပ်တို့ ဒီ နတ်ပြည်နဲ့ ငရဲပြည်မှာ ဘယ်နေရာမှ အမည်စာရင်းမပါလာတဲ့ လူတစ်ယောက် ရောက်နေပါတယ်။ ဘယ်ဘုံမှာမှ နာမည် မပါပါ ဘူး။ ပြီးတော့ သေနေ့မစေ့ပဲနဲ့ ဒီကိုရောက်လာတယ်ဆိုပြီး တံ ကြမ္မာပုရပိုဒ်အရ သိရတယ်။ ဒီတော့ သူ့ကိုယ်စောင့်နတ်ကလည်း ခေါ်သွားတဲ့ သေမင်းကို မသိဘူး ဖြစ်နေတယ်။ အဲဒါ သူ့ကိုခေါ် သွားတဲ့ သေမင်းများ ဒီထဲပါသလား။ ပါခဲ့ရင် သေနေ့မစေ့ပဲ ဘာ ကြောင့်ခေါ်ခဲ့ရသလဲ ပြောပြပါ။ သူက ဒီမှာ မတ်တပ်ရပ်နေပါ တယ်"

သိကြားမင်းစကားကြောင့် သေမင်းများကြားတွင် ဆူညံ ပွက်လောရိုက်သွားကြသည်။

သိကြားမင်း ညွှန်ပြသော သူကိုလည်း ကြည့်လိုက်ကြ၏။

မည်သည့်သေမင်းကမှ သိကြောင်း အသံမထွက်လာပဲ ဖြစ် နေလေသည်။ ဤတွင် သိကြားမင်းနှင့် မလှမ်းမကမ်းတွင် ထိုင် နေသော သေမင်းက-

"အရှင် သိကြားမင်းခင်ဗျာ"



"ဟုတ်ပြီ"

"တစ်ခု လျှောက်ပါရစေ"

"လျှောက်တင်ပါဦး"

"ကျွန်တော်မျိုးတို့ သေမင်းများက အချိန်တိုင်း စက္ကန့် မလပ် သေရမယ့် လူတွေရဲ့ ဝိညာဉ်တွေကို နုတ်ရပါတယ် ဘုရား။ တစ်ခါတစ်ခါ တစ်ယောက်တည်း၊ တစ်ခါတစ်ခါ အုပ်စုလိုက် အသက် တွေကို နုတ်ရပါတယ်"

"အင်း"

"ပြီးတော့ ကျွန်တော်တို့ သေမင်းတွေရဲ့ လုပ်ငန်းစဉ်လေး ကို ရှင်းပြပါရစေ ဘုရား"

"..........................."

"ကျွန်တော်မျိုးတို့ သေမင်းတစ်ဦးချင်းစီမှာ မိမိအသက် နုတ်ရမည့်စာရင်း အလိုလိုပေါ်သည့် ခွေးသားရေ ပုရပိုဒ်ဆိုတာ ရှိကြပါတယ်ဘုရား။ အဲဒီ့ မိမိပုရပိုဒ်မှာပါသည့် လူကို ကျွန်တော်မျိုး တို့က အသက်နုတ်ယူရပါတယ် ဘုရား။ အဲဒီ့လူကို အသက်နုတ်မယူ ခင်မှာ အဲဒီ့လူရဲ့ ကိုယ်စောင့်နတ်ကို ခုနစ်ရက် ကြိုတင်ထွက်ခွာဖို့ သတိပေးရပါတယ် ဘုရား။ ပြီးတော့ ကျွန်တော်မျိုးတို့ ပုရပိုဒ်မှာ အသက်နုတ်ရမည့် လူနာမည်၊ အသက်နုတ်ရမည့် ပုံစံ (ဥပမာ- ကိုယ့်ကိုကိုယ် သတ်သေသည့်ပုံစံ လုပ်ရမလား၊ ကားတိုက်တဲ့ပုံစံ လုပ်ရမလား) စသည်ဖြင့် သူ့ ကံကြမ္မာအလိုက် အသက်နုတ်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



ပုံစံ ပါဝင်ပါတယ်ဘုရား။ ပြီးတော့ နေရာနဲ့ အချိန် ပါဝင်ပါတယ် ဘုရား။ အဲဒီလိုမျိုး အသက်နုတ်ပြီးသွားရင် ကျွန်တော်မျိုးတို့ သေမင်းတွေရဲ့ တာဝန်က ပြီးဆုံးသွားပါတယ်။ အဲဒီ အသက်နုတ်ခံ ရမယ့် လူရဲ့အမည်ကိုလည်း ခွေးသားရေပုရပိုဒ်ကနေ ပယ်ဖျက်ပါ တယ်။ နောက်လူတွေကလည်း အများကြီးကို ဘုရား။ ဒီတော့ကာ တစ်နေ့ တစ်နေ့ လူပေါင်းများစွာကို ထိတွေ့ ဆက်ဆံနေရတဲ့အတွက် မိမိ အသက်နုတ်ခဲ့ရတဲ့ လူတွေကို ကျွန်တော်မျိုးတို့ သေမင်းတွေက မမှတ်မိနိုင်ပါဘူးဘုရား။ ဒါ့အပြင် သူတို့ရဲ့ ကိုယ် စောင့်နတ်တွေ ကိုလည်း မမှတ်မိနိုင်ပါဘူး ဘုရား"

ဟု လျှောက်တင်လိုက်၏။

"ဒါဆိုရင် သေမင်းတွေကလည်း ဒီကိစ္စကို တာဝန်မယူ ဘူးပေါ့ ဟုတ်လား"

သိကြားမင်းကြီးက ထိုသို့ မေးလိုက်သောအခါ သေမင်း များ ပြန်မပြောရဲကြချေ။

တကယ်လည်း သေမင်းတွေရဲ့ သဘောသဘာဝသည် ခုနက သေမင်းတစ်ပါး ပြောခဲ့သည့်အတိုင်းပင် ဖြစ်သည်။

ဤသို့ဖြင့် ထိုကိစ္စသည် သေမင်းတွေ အားလုံးကို ခေါ် တွေ့သော်လည်း အဖြေမထွက်ပဲ ဖြစ်နေလေသည်။

သိကြားမင်းသည် သူနှင့်အဆင့်နိမ့်ပလ္လင်တွင် ထိုင်နေ သော ငရဲမင်းကြီးအား တီးတိုးမေးလိုက်၏။



ငရဲမင်းကြီးကလည်း သိကြားမင်းကြီးကို ခေါင်းညိတ်ပြကာ သေမင်းများဘက်သို့ လှည့်ပြီး-

"သေမင်းတို့"

ဟု ခေါ်လိုက်လေ၏။

ငရဲမင်းကြီး၏ အသံသည် ဟိန်းထွက်ပြီး ကြောက်လန့်ဖွယ် ဖြစ်သောကြောင့် သေမင်းအချို့ပင် တုန်လှုပ်သွားလေ၏။

"မောင်မင်းတို့ ခေါ်ရမယ့်လူဆိုတာ သေချာမသေချာ ဘယ်လိုစစ်သလဲ"

ခုနကပြောသည့် သေမင်းကပင်-

"သေရမယ့် နေရာရယ်၊ သေရမယ့်ပုံစံ ဥပမာ ကားတိုက် ခံရမည့်သူသည် ထိုအချိန်တွင် ကားပေါ်မှာ ရှိနေခြင်း စသည်တို့ကို ကြည့်ခြင်းအားဖြင့် သေရမည့် ဟုတ်မဟုတ် သေမင်းအားလုံး သိပါ တယ် ဘုရား။ ဒါ့အပြင် အဓိကအချက်က သေမင်းအားလုံးသည် လူအားလုံးရဲ့ ကိုယ်စောင့်နတ်ကို မြင်ရပါတယ်ဘုရား။ အဲဒီအတွက် ဝိညာဉ်နုတ်ရမယ့် အချိန်မှာ ကိုယ်စောင့်နတ်တွေကို အသိပေးထား တဲ့အတွက် ကိုယ်စောင့်နတ်တွေက နတ်ပြည်ပြန်သွားပြီဖြစ်တဲ့ အတွက် အဲဒီအချိန်မှာ အဲဒီလူမှာ ကိုယ်စောင့်နတ် မရှိတော့တာကို ထင်းထင်းကြီး တွေ့ရပါတယ် ဘုရား။ ဒါဟာ အခြားလူတွေနဲ့ ယှဉ်ရင် ထင်းထင်းကြီး မမှားနိုင်တဲ့အတွက်ပါ ဘုရား" ဟုဆိုပြီး လျှောက်တင်လိုက်လေသည်။

www.burmeseclassic.com



သူ၏ လျှောက်တင်ချက်သည် သဘာဝကျသောကြောင့် ဧရာမင်းကြီးလည်း ခေါင်းတစ်ချက် ညိတ်ရလေသည်။

❑

(၃၄)

ထိုသို့ ဆုံးဖြတ်ချက် ချလို့မရ ရှိနေစဉ်တွင် ပဇာပတိနတ်မင်းသည် သိကြားမင်းပလ္လင်နား ကပ်ပြီးနောက်-

"အရှင်ဘုရား"

"ပဇာပတိနတ်မင်းကြီးပါလား၊ ဘာများ လျှောက်တင်စရာ ရှိလို့လဲ"

"ကျွန်တော်မျိုးကြီး စဉ်းစားမိတာလေး ရှိလို့ပါ ဘုရား"

"အင်း. . . ပြောပါဦး"

ပဇာပတိနတ်မင်းသည် မတ်တပ်ရပ်နေသော လူကို လက်ညှိုးထိုးပြပြီး-

"သူ့ကို သေမင်းက မှားခေါ်လာတဲ့အတွက် လူ့ပြည်မှာ သေနေ့စေ့ပေမယ့် မသေသေးတဲ့ လူတစ်ယောက်တော့ ရှိနိုင်ပါတယ်ဘုရား"

"အင်း. . . ဟုတ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ သူ့ရဲ့ကိုယ်စောင့်နတ်ကို ခေါ်စစ်ရင် မကောင်းဘူးလား ဘုရား"

"ပဇာပတိဆိုလိုတာက ဘာများလဲ"

"ဒါဟာ သာမန်ချွတ်ချော်မှု၊ သေမင်းတွေ လွဲမှားမှုလို့ ကျွန်တော်မျိုးက မယူဆပါဘူး ဘုရား။ သေမင်းတွေကလည်း လူ့အသက်ပေါင်းများစွာ နှုတ်ယူလာတာ တစ်ခါမှ အမှားအယွင်း မရှိခဲ့ပါဘူး ဘုရား။ ဒီတစ်ကြိမ်လည်း သူတို့ပြောတဲ့အတိုင်းဆို မှားယွင်းတဲ့ လုပ်ဆောင်မှုတွေ မတွေ့ရပါဘူး ဘုရား။ ပြီးတော့ သေမင်းဆိုတာ ဘက်လိုက်မှု မရှိပါဘူး ဘုရား။ ငါ့ကို မသေပါစေနဲ့ သေမင်းကိုလာဘ်ထိုးပါရစေဆိုပြီးလည်း သေမင်းကို လာဘ်ထိုးလို့ မရပါဘူး ဘုရား။ ဒီတော့ ဒီကိစ္စမှာ သေမင်းကို တစ်ယောက်ယောက်က လှည့်စားတာပဲ ဖြစ်နိုင်ပါတယ် ဘုရား"

"ဟင်"

"ဟာ"

သေမင်းကို တစ်ယောက်ယောက်က လှည့်စားတာ ဖြစ်နိုင်တယ်ဆိုတဲ့ စကားကြောင့် သေမင်းတွေ အံ့ဩသွားကြသည်။

သူတို့ကို ဘယ်သူတွေ လာလှည့်စားနိုင်လဲ။ လူတွေလား။ လူတွေကလည်း သူတို့ သေမယ့်ရက်ကို မသိတဲ့အပြင် သူ့ကိုလာခေါ်မယ့် သေမင်းတောင် သိတာမဟုတ်။

ဒါဆိုရင်. . .



အားလုံးရှိ နတ်သား၊ နတ်သမီးများလည်း သေမင်းများ တွေးသလို တွေးကုန်ကြတော့သည်။

နောက်ဆုံး အဖြေတစ်ခုပဲ ထွက်သည်။

ဤသည်မှာ သေတော့မည့်အချိန်၊ သေမည့်ပုံစံ၊ နေရာတို့ကို သေမင်းကလွဲပြီး သိသောသူသည် သေရမည့်သူ၏ ကိုယ်စောင့်နတ်ပင် ဖြစ်လေသည်။

ထို့ကြောင့် သေမင်းကို လှည့်စားနိုင်သူသည် သေရမယ့်လူ၏ ကိုယ်စောင့်နတ်ပင် ဖြစ်နိုင်လေသည်။

သူဘယ်လိုလှည့်စားလို့ ရနိုင်မလဲ။ သူက ဘာကြောင့် အသက်ရှင်တဲ့ ခန္ဓာကိုယ်ကို ဆက်လက်အသက်ရှင်နေစေဖို့ သေမင်းကို လှည့်စားရတာလဲ။

မေးခွန်းတွေ အမျိုးမျိုး ထွက်လာလေသည်။

ကိုယ်စောင့်နတ်သည် သေမင်းက ခန္ဓာကိုယ်နားက ထွက်ခွာရန် လာပြောသည့်အခါ မဖြစ်မနေ ထွက်ခွာရသည်မှာ ကိုယ်စောင့်နတ်အလုပ် ဖြစ်သည်။ အစဉ်အဆက် လုပ်လာခဲ့တာ နှစ်ပေါင်းကုဋေကုဋာပင် ကြာခဲ့ပြီဖြစ်သည်။ ယခု သေမင်းက သတိပေးသော်လည်း သူ၏ ခန္ဓာကိုယ်က မခွာဘဲ ရှိနေသည့် ကိုယ်စောင့်နတ်တစ်ပါး ရှိနေပေလိမ့်မည်။ သိကြားမင်းသည် ကံကြမ္မာစောင့်နတ်မင်းကြီးဘက်လှည့်ကာ-

"ကံကြမ္မာစောင့်နတ်မင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား"

"ကံကြမ္မာဗိမာန်ထဲက ပုရပိုဒ်တွေထဲကနေ သေနေ့စေ့ ပေမယ့် မသေသေးတဲ့ လူတစ်ယောက်ရဲ့ ပုရပိုဒ်ကို အမြန်ရှာပြီး ဆက်သစမ်း"

"မှန်ပါ့ဘုရား"

ဟုဆိုပြီး ကံကြမ္မာစောင့်နတ်မင်းသည် သူ၏ တန်ခိုးဖြင့် ဗိမာန်ထဲကနေ ပုရပိုဒ်တစ်ခုကို အလျှင်အမြန် ရှာလိုက်လေ၏။

ခဏအကြာတွင် ကံကြမ္မာစောင့်နတ်မင်း လက်ထဲတွင် ပုရပိုဒ်တစ်ခု ရလာ၏။

"ရပါပြီ ဘုရား"

"ဖတ်စမ်း၊ ဘယ်သူလဲ"

"နာမည်က တင်အောင်ဝင်းတဲ့ ဘုရား၊ ခဝဲခြံမှာ နေပါတယ် ဘုရား၊ ပြီးတော့ ယခု ရောက်ရှိနေတဲ့ တင်အောင် သန်းထွေးဝင်းရဲ့ မိန်းမနဲ့ ဖောက်ပြန်နေတဲ့ ယောကျ်ားလည်း ဖြစ်ပါတယ် ဘုရား"

"ဟင်"

ထိုနာမည်ကို ကြားလိုက်သောအခါတွင် လူနှင့် သူ၏ ကိုယ်စောင့် နတ်အဟောင်းမှာ အံ့သြသွားလေသည်။

မည်သို့ဆိုသော် တင်အောင်ဝင်းသည် လူ၏ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်ပြီး နာမည်ရှေ့နှစ်လုံးလည်း ဆင်လေ၏။



ကိုယ်စောင့်နတ် ဟောင်းမှာလည်း တင်အောင်ဝင်း ကိုယ်စောင့်နတ်နှင့် လွန်စွာ ရင်းနှီးလေသည်။

အဖြစ်အပျက်သည် ရှုပ်သထက် ရှုပ်လာလေသည်။

ဤတွင် သိကြားမင်းအသံကို ကြားလိုက်ရ၏။

"ထိုတင်အောင်ဝင်း၏ ကိုယ်စောင့်နတ်ကို ယခု ဆင့်ခေါ်စေ။ တင်အောင်ဝင်း ခန္ဓာကိုယ်တွင် ကိုယ်စောင့်နတ် မရှိချိန်တွင် ယခုဆင့်ခေါ်ရာသို့ မလာနိုင်တဲ့ သေမင်းများကို ကိုယ်စောင့်နတ် ခဏမရှိကြောင်း သတိပေးထားစေ"

□

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုဆိုတာ
တစ်ခါတလေ ဖောက်ဖျက်မိယုံနဲ့
ပျောက်ပျက်သွားတဲ့ အရာမျိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

အားလုံး၏ အလယ်တွင် ထိုင်နေသော တင်အောင်ဝင်း ကိုယ်စောင့်နတ်မှာ မသိမသာလေး တုန်လှုပ်နေ၏။

သိကြားမင်း၊ ငရဲမင်း၊ နတ်မင်းကြီးသုံးပါး၊ နတ်သား၊ နတ်သမီးများ၊ သေမင်းများ အလယ်တွင် ရောက်ရှိနေသောကြောင့် စိတ်တုန်လှုပ်ခြောက်ခြားနေလေ၏။

"မောင်မင်းက တင်အောင်ဝင်း ကိုယ်စောင့်နတ်လား"

သိကြားမင်း၏ အသံပြဲဇာက ဟိန်းထွက်သွားသည်။

"မှန်. . . မှန်ပါ့ဘုရား"

"မောင်မင်းကို သေမင်းတစ်ဦးဦးက မောင်မင်းစောင့်တဲ့ ခန္ဓာကိုယ်က သေဆုံးတော့မယ်ဆိုတာ လာသတိပေးခဲ့ဘူးလား"

ကိုယ်စောင့်နတ်သည် ချက်ချင်း မဖြေနိုင်ပဲ မေ့ကွာတုံ့ဆိုင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ-

"လာ. . . လာ၊ သတိမပေးပါဘူး ဘုရား"

"ဟင်"

သေမင်းများသည် တင်အောင်ဝင်း ကိုယ်စောင့်နတ်စကားကြောင့် ဒေါသထွက်သွားလေသည်။

မည်သို့ဆိုသော် ကိုယ်စောင့်နတ်စကားသည် သူတို့သေမင်းများကို တာဝန်ပျက်ကွက်တယ်ဆိုပြီး စွပ်စွဲလိုက်သလို ဖြစ်သွားသောကြောင့် ဖြစ်သည်။

"မဖြစ်နိုင်ပါဘူး ဘုရား . . . မဖြစ်နိုင်ပါဘူး"

သေမင်းတစ်ယောက်က ထကန့်ကွက်သည်။

"ဘာဖြစ်လို့လဲ"

"ဒီကိစ္စဟာ ကျွန်တော်မျိုးတို့ သေမင်းတွေ အသိဆုံးပါ ဘုရား။ သေရမယ့် လူတစ်ယောက်ရဲ့ ကိုယ်စောင့်နတ်ကို အသိမပေးဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ဘုရား။ ပြီးတော့ သေရမယ့်သူရဲ့စာရင်းက ကျွန်တော်မျိုးတို့ ပုရပိုဒ်မှာ အလိုလိုပေါ်လာတာပါ ဘုရား"

သိကြားမင်းသည် ကိုယ်စောင့်နတ်ဘက်ကို လှည့်ကာ-

"မောင်မင်း. . . လိမ်သလား"

ဟု ကြိမ်းမောင်းလိုက်လေ၏။

ကိုယ်စောင့်နတ်ကလည်း တုန်လှုပ်ချောက်ချားပြီး-



"မ. . . မဟုတ်ပါဘူး ဘုရား။ ကျွန်တော်. . . ကျွန်တော်မျိုးကို လာမပြောပါဘူး ဘုရား"

ဟုဆိုပြီး အကြောက်အကန် ငြင်းလေ၏။

"ဒါဆို. . . နောက်ဆုံး လုပ်စရာတစ်ခုပဲ ရှိတော့တယ်"

သိကြားမင်းသည် ထိုစကားကို အလေးအနက် ဆိုလိုက်၏။

❏

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘာလဲဆိုတော့ အခုဖြစ်ပျက်နေတဲ့ အမှန်တရားကို သိဖို့အတွက် ကျုပ်သိကြားမင်းရဲ့ တန်ခိုးကိုသုံးပြီး အဖြစ်မှန်ကို မြင်ရအောင် လုပ်မှ ရတော့မှာပဲ"

"ဟင်"

"မ. . . မလုပ်ပါနဲ့ ဘုရား"

"တန်. . . တန်ခိုးကို မသုံးပါနဲ့ဘုရား"

ဟုဆိုပြီး အားလုံးက ဝိုင်းကန့်ကွက်ကြလေ၏။

မည်သို့ဆိုသော် သိကြားမင်းတန်ခိုး တစ်ခါသုံးတိုင်း နတ်ပြည်၊ ငရဲပြည်တွင် ကြီးစွာသော တုန်လှုပ်မှုဖြစ်သလို လူ့ပြည်တွင်လည်း ပြဿနာတွေသည် အရင်ကထက် တစ်ဆများပြားကာ လူတွေ သေကျေပျက်စီးကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့် တန်ခိုးသည် အရာရာအားလုံးကို တစ်စိတ်တစ်ပိုင်း ပျက်စီးစေနိုင်သောကြောင့် သိကြားမင်းသည် အရမ်းအရေးကြီးသည့် ကိစ္စမှသာ ထုတ်သုံးလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ဦးတစ်ယောက်အတွက်နဲ့ အခြားလူတွေကို ဒုက္ခမရောက်စေချင်ပါဘူး ဘုရား"

နတ်မင်းကြီး (၃)ပါးက လျှောက်တင်လေ၏။

"အဲဒီလိုမှမလုပ်ရင် ဒီအမှန်တရားက ထွက်လာတော့မှာမှ မဟုတ်တော့တာ"

ဘယ်လိုပဲဖြစ်ဖြစ် သိကြားမင်းတန်ခိုး အသုံးမပြုစေရန် အားလုံးက ဝိုင်းဝန်းတားမြစ်ကြ၏။

သိကြားမင်းတန်ခိုး အသုံးပြုခြင်း မပြုခြင်းနှင့် ပတ်သက်ပြီး အငြင်းအခုန် ဖြစ်နေသောကြောင့် လူမှာလည်း တအံ့တသြ ဖြစ်နေလေသည်။

ထို့ကြောင့် အနီးတွင် ရပ်နေသော စောင့်နတ်ကို မေးရ၏။ စောင့်နတ်လည်း သိကြားမင်းတန်ခိုး အသုံးပြုပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များကို ရှင်းပြသောကြောင့် လူလည်း နားလည် သွားလေသည်။

□

(၃၆)

"ကျွန်တော်တစ်ခု ပြောပါရစေ ဘုရား"

လူသည် သိကြားမင်းရှေ့တွင် ဒူးထောက်ပြီး လျှောက်တင်လိုက်၏။

"ပြောပါဦး. . . မောင်မင်းက ဘာပြောစရာရှိလို့လဲ"

"ဒီလိုပါ သိကြားမင်းခင်ဗျား၊ ကျွန်တော် သေမယ့်နေ့က အိမ်ကို ကျွန်တော့်သူငယ်ချင်း တင်အောင်ဝင်း ရောက်လာပါတယ် ဘုရား"

"အင်း"

"သူက သူ့ရဲ့ဆိုင်ကယ် တစ်ခုခုဖြစ်နေတဲ့အတွက် လမ်းထိပ်မှာ သွားပြင်ပေးဖို့ အကူအညီ တောင်းပါတယ်။ ကျွန်တော်က အင်ဂျင်နီယာဖြစ်တဲ့အတွက် စက်အကြောင်းတွေ ဘာတွေသိတယ် ဆိုပြီးပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ သူက အိမ်မှာ ကျန်ခဲ့ပါတယ် ဘုရား"

ထိုစကားဆုံးသောအခါတွင် လူမှာ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

သူ့ဇနီးရဲ့ မျက်နှာကို မြင်ယောင်လာသောကြောင့် ဖြစ်သည်။ သူ့သူငယ်ချင်းနဲ့ သူ့မိန်းမ ဖောက်ပြန်နေတာကို နတ်ပြည်ရောက်မှ သိခဲ့ရသည်။

ယခုလည်း ပြောရင်းပြောရင်းနှင့်ပင် ထိုနေ့က သူ့သူငယ်ချင်းနဲ့ သူ့မိန်းမတို့အိမ်မှာ ကျန်နေခဲ့ပုံကို တွေးမိသောကြောင့် ဝမ်းနည်းနာကြည်းသွားပြီး မျက်ရည်ကျမိခြင်း ဖြစ်ပါသည်။

"အဲဒီလို သွားပြင်ပေးပြီးတဲ့ အချိန်မှာပဲ လမ်းမှာ ကားတစ်စီးနဲ့ တိုက်မိပြီး အခုလို ရောက်လာတာပါ ဘုရား"

ဟု ပြောလိုက်လေ၏။

"ကျွန်. . . ကျွန်တော်မျိုးကြီးပဲ တစ်ခု လျှောက်တင်. . . လျှောက်တင်ပါရစေ ဘုရား"

တင်အောင်ဝင်းရဲ့ ကိုယ်စောင့်နတ်သည် မဝံ့မရဲဖြင့် ပြောလေ၏။

"လျှောက်တင်စမ်း"

"အဲဒီနေ့ တင်အောင်သန်းထွေးဝင်း ဆိုင်ကယ်စီးမယ့်နေ့မှာ ကျွန်တော်မျိုးကြီး သူနဲ့အတူ ရှိမနေပါဘူးဘုရား။ ပြီးတော့ သူသေမယ်ဆိုတာကိုလည်း ဘယ်သေမင်းကမှ ကျွန်တော်မျိုးကို လာမပြောပါဘူး ဘုရား။ လာပြောတာလို့ ပြောတာကလည်း လိမ်. . . လိမ်မိတာပါဘုရား"



ဟုဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ ဝန်ခံလိုက်လေ၏။

"ဟင်. . . သေမင်းက လာမပြောဘဲ သူ့ခန္ဓာကိုယ်ကို စွန့်ပြီး နတ်ပြည်ပြန်လာတာပေါ့ ဟုတ်လား"

ကိုယ်စောင့်နတ်မင်းသည် သက်ပြင်းချလိုက်ပြီး-

"ကျွန်တော်မျိုး အခုမှ တွေးမိတာကို လျှောက်တင်ပါရစေဘုရား. . . အပြစ်ရှိရင်လည်း ခံပါ့မယ် ဘုရား"

"တင်စမ်း"

"ကျွန်တော်မျိုးက လင်းစံပယ်ရဲ့ ကိုယ်စောင့်နတ်သမီးနဲ့ ချစ်ကြိုက်မိပါတယ် ဘုရား. . .။ လူမှာ အမျိုးသားနဲ့ အမျိုးသမီး ချစ်ကြိုက်ငြားသွားသော်လည်း ကိုယ်စောင့်နတ် အချင်းချင်း ချစ်ကြိုက်ကြတဲ့၊ မကြိုက်ကြတဲ့ ကိုယ်စောင့်နတ် အတွဲတွေလည်း ရှိပါတယ် ဘုရား။ လူချင်းညားပေမယ့် ကိုယ်စောင့်နတ်ခြင်း မတည့်တော့ အဆင်မပြေတဲ့ စုံတွဲတွေလည်း ရှိပါတယ်။ အခုဟာက လူလည်း ချစ်ကြတယ်။ ကိုယ်စောင့်နတ်ခြင်းလည်း ချစ်ကြပါတယ် ဘုရား။ အဲဒီလူ သေမယ့်နေ့မနက်က လင်းစံမယ်ကိုယ်စောင့်နတ်မလေးက ကျွန်တော်မျိုးကို တစ်ခုခိုင်းပါတယ် ဘုရား"

"ဘာခိုင်းတာလဲ"

ကိုယ်စောင့်နတ်ဟောင်းသည် ဘေးဝဲယာကိုကြည့်ပြီး ရှတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် မဖြေနိုင်ဘဲ ဖြစ်နေလေသည်။

"ကျုပ်မေးနေတယ်လေ"

"မှန်. . . မှန်ပါဘုရား။ သူ့အသိ ကိုယ်စောင့်နတ်သမီး တစ်ပါးဆီက အမွှေးနံ့သာ တစ်မျိုးကို သွားယူခိုင်းတာပါ ဘုရား"

နားထောင်နေတဲ့သူ့များ ပြုံးစိပြုံးစိ ဖြစ်ကုန်တော့သည်။

"မောင်မင်းစောင့်ရှောက်တဲ့ ခန္ဓာကိုယ်နားကနေ သေမင်းက သတိပေးတာကလွဲလို့ ထွက်မသွားရဘူးဆိုတဲ့ ကိုယ်စောင့်နတ် စည်းကမ်းကို မောင်မင်း မသိဘူးလား"

"သိ. . . သိပါတယ် ဘုရား"

"သိရဲ့သားနဲ့ ဘာလို့လုပ်တာလဲ"

"ကျွန်တော်မျိုးကို ကိုယ်စောင့်နတ်မလေးက အတင်းခိုင်းလို့ပါ ဘုရား။ သူခိုင်းတာ မလုပ်ရင် ကျွန်တော်မျိုးတို့ စောင့်ရှောက်နေတဲ့ လင်မယား ကွဲအောင်လုပ်မယ်လို့ ခြိမ်းခြောက်တဲ့အတွက် ခဏလေးပဲဆိုပြီး လုပ်မိတာပါဘုရား။ ပြန်လာတဲ့အချိန်မှာ ကျွန်တော် စောင့်ရှောက်ရတဲ့ ခန္ဓာကိုယ်ဟာ အသက်မရှိတော့တဲ့ အတွက် နတ်ပြည်ကို ပြန်လာရတာပဲ ဖြစ်ပါတယ် ဘုရား"

တင်အောင်ဝင်း၏ ကိုယ်စောင့်နတ်မှာလည်း ခေါင်းကြီး ငိုက်စိုက်ကျပြီး တစ်ကိုယ်လုံး တုန်လှုပ်နေလေ၏။

ဤတွင် သေမင်းတစ်ပါးက-

"အရှင်သိကြားမင်းဘုရား. . . ကျွန်တော်မျိုး မှတ်မိပါ



ပြီဘုရား"

ဟု လျှောက်တင်လိုက်လေ၏။

"ကျွန်တော်မျိုး ယခုတစ်လော ဝိညာဉ်နုတ်ရတဲ့အထဲမှာ ဆိုင်ကယ်နဲ့ လူတစ်ဦးသာ ပါတဲ့အတွက် ကျွန်တော်မျိုး အသက်နုတ်ရတဲ့လူတွေထဲက တစ်ယောက်ဟာ ယခုဖြစ်ရတဲ့သူပဲလို့ ထင်ပါတယ် ဘုရား"

ဟုဆိုပြီး လူဘက်လှည့်ကာ-

"အဲဒီနေ့က အကျီအနီ ဝတ်ထားတယ်လား၊ အကျီအပေါ်မှာလည်း Love ဆိုတဲ့ အင်္ဂလိပ်စာလုံးပါတယ်မှတ်လား"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ်"

"ဒါဆို. . . ကျွန်တော်မျိုး ဝိညာဉ်နုတ်ခဲ့တဲ့သူဆိုတာ သေချာပါတယ် ဘုရား။ ကျွန်တော်မျိုး ဝိညာဉ်နုတ်ရတဲ့သူကလည်း အနီရောင်အကျီနဲ့ဆိုတော့. . ."

"အဲဒါလေး ကြားဖြတ်ပြောပါရစေ"

"အဲဒီအနီရောင်အကျီဆိုတာ ကျွန်တော့်မိန်းမက ကျွန်တော့်သူငယ်ချင်းတင်အောင်ဝင်း တစ်ထည်၊ ကျွန်တော့်ကိုတစ်ထည် လက်ဆောင်ပေးထားတာပါ။ ဒီတော့ ကျွန်တော့် အဲဒီနေ့က ဝတ်တဲ့ အကျီမျိုး တင်အောင်ဝင်းမှာလည်း တစ်ထည်ရှိပါတယ်။ ပြီးတော့ အဲဒီနေ့ မနက်မှာလည်း ကျွန်တော့်မိန်းမက ထူးထူးဆန်းဆန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အင်္ကျီလေး ဝတ်ပါလားလို့ ပြောပါတယ်"

"ဒါဆို ကျွန်တော်မျိုးက အဲဒီနေ့က အသက်နုတ်ရမယ့် သူဟာ ဆိုင်ကယ် စီးထားတယ်။ အင်္ကျီအနီ ဝတ်ထားတယ်။ ကိုယ့်နတ်ကလည်း မရှိဘူးဆိုတော့ သူ့ကိုပဲ ဝိညာဉ်နုတ်လိုက်တာပါ"

"နေပါဦး ကံကြမ္မာပြောင်းသွားတာလား"

"မဖြစ်နိုင်ပါဘူး ဘုရား"

ကိုယ်စောင့်နတ်ဟောင်းက ဝင်ပြောလိုက်လေ၏။

"ဘာဖြစ်လို့လဲ"

"ကျွန်တော်မျိုးအထင်က သေမင်းကို လင်းစံပယ် ကိုယ်စောင့်နတ်နဲ့ တင်အောင်ဝင်းကိုယ်စောင့်နတ်တို့ပေါင်းပြီး လှည့်စားလိုက်တာ ဖြစ်နိုင်ပါတယ်"

"ဟင်"

ထိုစကားကြောင့် အားလုံး စိတ်ဝင်စားသွားကြလေသည်။

❑

## (၃၇)

"ကျွန်တော်မျိုး မသိအောင် တင်အောင်ဝင်း ကိုယ်စောင့်နတ်နဲ့ လင်းစံပယ် ကိုယ်စောင့်နတ်က ဖောက်ပြန်နေပါလိမ့်မယ်။ ဒီတော့ လူချင်းမဖောက်ပြန်ရင် နတ်ချင်းလည်း မဖောက်ပြန်နိုင်တဲ့အတွက် လူချင်းဖောက်ပြန်အောင် လင်းစံပယ် ကိုယ်စောင့်နတ်သမီးက အရင်လုပ်ပါလိမ့်မယ်"

"သူက ဘယ်လိုလုပ်နိုင်လို့လဲ။ သူတို့က လူတွေအနေးတို ဝင်ရောက်စွက်ဖက်လို့မှ မရတာ"

သိကြားမင်းက ဝင်ပြောလိုက်သည်။

"မဟုတ်ပါဘူး ဘုရား။ သူမက သူစောင့်ရှောက်ရတဲ့ ခန္ဓာကိုယ်ပိုင်ရှင်နဲ့ အဆက်အသွယ် ရှိပါတယ် ဘုရား"

"ဘာ. . . ဒါဆို သူက ကိုယ်စောင့်နတ်စည်းကမ်းတို ဖောက်ဖျက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင့်နတ်များ စည်းကမ်းတွင် ကိုယ်စောင့်နတ်သည် သူစောင့်ရှောက်ရသော ခန္ဓာကိုယ်ကို မည်သည့်နည်းနှင့်မှ မဆက်သွယ်ရဆိုသည့် အချက်ပါဝင်၏။

"ဪ. . . ဒါကြောင့် သူက အကြားအမြင် သိနေတာကိုး"

လူကလည်း သူ့မိန်းမအကြောင်းကို ယခုမှ သိသလိုနဲ့ ဝင်ပြောသည်။

သူ့မိန်းမ လင်းစံပယ်သည် လူ့ပြည်တွင် အကြားအမြင် ဆရာမ လုပ်သည်။ အိပ်မက်ကနေတစ်ဆင့် သူ့ကိုနတ်တစ်ပါးက ပြောပြောနေသည်ဟု သူ့ကို အမြဲပြောသည်။

သူက မယုံကြည်ခဲ့။

"အဲဒီနည်းနဲ့ပဲ လင်းစံပယ်နဲ့ တင်အောင်ဝင်းကို နီးစပ်အောင် သူပဲ လုပ်ခဲ့တာလို့ ယူဆရပါတယ်။ ဒါမှသာ သူနဲ့ တင်အောင်ဝင်း ကိုယ်စောင့်နတ်တို့ နီးစပ်မှာပါ ဘုရား"

သိကြားမင်းသည် တင်အောင်ဝင်း၊ ကိုယ်စောင့်နတ်ဘက် လှည့်ပြီး-

"ဟုတ်လား"

ဟု မေးလိုက်၏။

တင်အောင်ဝင်း ကိုယ်စောင့်နတ်မှာလည်း ယခုအခြေအနေ ရောက်လာသောကြောင့် ဟုတ်မှန်သည့်အတိုင်း ဝန်ခံရလေသည်။



"မှန်ပါတယ် ဘုရား။ သူပြောတာ အမှန်တွေပါပဲ ဘုရား"

ဟုဆိုပြီး အားလုံးကို ဝန်ခံလိုက်ရလေ၏။

"လင်းစံပယ် ကိုယ်စောင့်နတ်မလေးနဲ့ ကျွန်တော်မျိုး ချစ်ကြိုက်လာတာ ကြာပါပြီ ဘုရား။ ဒါကို တင်အောင်သန်းထွေးဝင်း ကိုယ်စောင့်နတ်ရဲ့ တစ်နည်းအားဖြင့် သူမရဲ့ ကာမပိုင် ကိုယ်စောင့်နတ်က မသိပါဘူးဘုရား။ ကျွန်တော်မျိုးကလည်း သူမကို အရမ်းချစ်နေမိသလို၊ သူမကလည်း ကျွန်တော်မျိုးကို တော်တော်လေး ချစ်နေပါတယ် ဘုရား။ အဲဒီလိုနဲ့ နေလာရင်း တစ်နေ့မှာ ကျွန်တော်မျိုးဆီကို သေမင်းတစ်ပါး ရောက်လာပါတယ် ဘုရား။ သူက ကျွန်တော်မျိုး စောင့်ရှောက်ရတဲ့ ခန္ဓာကိုယ်ပိုင်ရှင်ဟာ သေဆုံးဖို့ နီးပြီဖြစ်တဲ့အတွက် ခန္ဓာကိုယ်ကို စွန့်ခွာဖို့ လာပြောတာပဲ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့နှစ်ဦးဟာ ယူကျုံးမရ ဖြစ်ကြပါတယ်။ ကျွန်တော်မျိုး စောင့်ရှောက်ရတဲ့ ခန္ဓာကိုယ် မရှိတော့ရင် ကျွန်တော်မျိုးဟာ နတ်ပြည်ပြန်ရတော့မှာပါ။ အဲဒီတော့ ကျွန်တော်မျိုးတို့ဟာ မခွဲနိုင်ဘူး ဖြစ်နေကြပါတယ်။ အဲဒီအချိန်မှာ သူမကပဲ စကားတစ်ခွန်း ဆိုပါတယ်။ ကျွန်တော်မျိုး နတ်ပြည် မပြန်ရအောင် လုပ်မယ်တဲ့။

အဲဒီနောက်မှာတော့ သူမက သူမ စောင့်ရှောက်ရတဲ့ ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်တဲ့ လင်းစံပယ်ကို အိပ်မက်ကနေတစ်ဆင့် ဆက်သွယ်ပြီး လင်းစံပယ်နဲ့ တိတ်တိတ်ပုန်းဖြစ်နေတဲ့ တင်အောင်ဝင်း

www.burmeseclassic.com



သေတော့မှာဖြစ်ကြောင်း သတိပေးလိုက်တော့တယ်။ လင်းစံပယ်ကလည်း ဝမ်းနည်းပက်လက် ဖြစ်သွားတာပေါ့။ သူကလည်း တင်အောင်ဝင်းကို သူ့ယောကျ်ားထက်ပိုပြီး ချစ်နေပြီလေ"

လူ၏ ရှိုက်ကြီးတငင် ငိုကြွေးသံကြောင့် အားလုံး စိတ်မကောင်း ဖြစ်သွားကြသည်။

"အဲဒီအခါမှာ လင်းစံပယ်က တင်အောင်ဝင်း မသေအောင် ဘာလုပ်ရမလဲလို့ မေးပါတယ်"

အဲဒီအခါမှာ သူမက ကြိုးစားဖို့တော့ မလွယ်ကြောင်း၊ ဒါပေမယ့် သေမင်းကို လှည့်စားလို့ ရနိုင်မယ့် နည်းလမ်းကို သူ စဉ်းစားထားကြောင်း၊ အဆင်ပြေပါက တင်အောင်ဝင်း အသက်မသေဆုံးနိုင်ကြောင်းပြောပြီး လုပ်ရမယ့် အစီအစဉ်ကို ပြောပြခဲ့တယ်။

တင်အောင်ဝင်း သေရမယ့်ရက်မှာ (အချိန်အတိအကျမတိုင်ခင်) ၂ နာရီခန့်အလိုမှာ လင်းစံပယ်အိမ်ကို လာခိုင်းရမည်။ လင်းစံပယ်ယောကျ်ားကိုလည်း အင်္ကျီအနီ (တင်အောင်ဝင်းနဲ့ ပုံစံတူ) ဝတ်ခိုင်းပြီး တင်အောင်ဝင်းရဲ့ ဆိုင်ကယ်ကို (အချိန်အခါအကျ) အတိုင်း ပြင်ခိုင်းရမည်ဆိုပြီး ညွှန်ကြားတယ်။ အဲဒီအချက်တွေကိုတော့ ကျွန်တော်မျိုးကို လာပြောတဲ့ သေမင်းဆီကနေ မေးထားတဲ့အတွက် သိရတာပါ။ နောက်တစ်ဆင့်ကတော့ ဆိုင်ကယ်စီးရတဲ့အချိန်မှာ ကိုယ်စောင့်နတ်မရှိဖို့ လိုပါတယ်။ ကိုယ်စောင့်နတ် ရှိနေ



မယ်ဆိုရင် သေမင်းက ဇဝေဇဝါ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် လင်းစံပယ်ယောကျ်ားရဲ့ သေမင်းကို သူက ပထုတ်လိုက်ပါတယ်။

ပြီးတော့ တင်အောင်ဝင်းကိုလည်း လင်းစံပယ်အိမ်မှာ တစ်နေကုန် နေခိုင်းပြီး သေမင်းကို လှည့်စားခဲ့ပါတယ်။

သေမင်းကလည်း သူလုပ်နေကျ မမှားနိုင်ဘူး။ အချက်တွေကလည်း ပြည့်စုံနေပြီ။ ကိုယ်စောင့်နတ်ကလည်း သူသတိ ပေးထားတဲ့အတွက် ထွက်သွားပြီအထင်နဲ့ ကိုယ်စောင့်နတ်မရှိတဲ့ တင်အောင်သန်းထွေးဝင်းကို တင်အောင်ဝင်းမှတ်ပြီး ခေါ်သွားခြင်း ဖြစ်ပါတယ်ဘုရား"

အေးစက်စက် အငွေ့တို့သည် ကွင်းပြင်တစ်ခုလုံး စိမ့်နေသလို ဖြစ်နေ၏။

နားထောင်နေသော သူအားလုံးသည် ငြိမ်ပြီး ပါးစပ်အဟောင်းသား ဖြစ်ကာ မယုံကြည်နိုင် ဖြစ်နေကြသည်။

သေမင်းတွေကလည်း သူတို့ယုံကြည်သော ကိုယ်စောင့်နတ်တွေက သူတို့ကို လှည့်စားသွားတဲ့အတွက် တအံ့တသြ ဖြစ်နေသည်။

အခုတော့ ဒီကိစ္စရဲ့ အဖြေသည် ရှင်းသွားပြီ ဖြစ်သည်။

သေမင်းကို သူတို့ ပိုင်ပိုင်နိုင်နိုင် လှည့်စားသွားခဲ့ကြခြင်း ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



တင်အောင်ဝင်းသည် ဆိုင်ကယ်အက်စီးဒက်တစ်ခုဖြစ်ပြီး သေဆုံးသွားလေ၏။

လင်းစံပယ် ခန္ဓာကိုယ်ကို စောင့်ရှောက်နေသော ကိုယ်စောင့်နတ်သမီးကို နတ်ပြည်သို့ ပြန်ခေါ်ကာ သိကြားမင်းက ပြစ်ဒဏ်တစ်ခု ချမှတ်ကာ အပြစ်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းစံပယ်သည်လည်း ကိုယ်စောင့်နတ် မရှိသောကြောင့် လုပ်ငန်းကိုင်ငန်းများ အဆင်မပြေဖြစ်ပြီး နောက်ဆုံးတွင် ရောဂါ တစ်ခုဖြင့် ကွယ်လွန်ကာ ယုတ်ညံ့သည့် ဘုံတစ်ခုသို့ ရောက်သွား လေ၏။

(သူမ၏ ကံကြမ္မာပုရပိုဒ်သည် သူပြုသည့်ကံကြောင့် ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။)



တင်အောင်သန်းထွေးဝင်းကိုတော့ သူ (၇၅)နှစ်တွင် သေပြီး ရောက်ရမည့် ဘုံဗိမာန်တွင် နေထိုင်ရန် သိကြားမင်းက ခွင့်ပြုလိုက်သည်။

(သူသည်လည်း ကံကြမ္မာ ပုရပိုဒ် ပြောင်းသွားခြင်း ဖြစ် သည်။)

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်သည် နတ်ပြည်၊ ငရဲပြည်၊ ပြိတ္တာပြည် သာမကပဲ ဘုံအသီးအသီးတွင် ပြောစမှတ်ပြု ကျန်ရစ်ခဲ့တော့သည်။

ယခုထိတိုင်လည်း ပြောဆိုနေကြသေးသည်။

## (၃၈)

သေမင်းသည် ရှေ့တွင် လာနေသော လူတစ်ဦးကို ကြည့်လိုက်၏။

“ဒီလူပါပဲ”

လက်ထဲက ခွေးသားရေပုရပိုဒ်ကို ကြည့်လိုက်သည်။

“ဟော့. . . ဝင်လွင်ဦး ဘယ်လဲ”

လမ်းလျှောက်လာသော လူကို အခြားလူတစ်ဦးက နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

ဝင်းလွင်ဦး. . . အင်း။ ခွေးသားရေပုရပိုဒ်ထဲမှာလည်း ဝင်းလွင်ဦးလို့ ရေးထားတယ်။ ကိုယ်စောင့်နတ်ကလည်း မရှိဘူး

အင်္ကျီက ပွပွနဲ့။ ဦးထုပ်လည်း ဆောင်းထားတယ်။

အင်း သေမင်းတွေကို နောက်ဆုံးထုတ်ထားတဲ့ စည်းကမ်းနဲ့ တိုက်ကြည့်မှပါပဲ။ တော်ကြာ မှားနေဦးမယ်ဆိုပြီး-

www.burmeseclassic.com

www.burmeseclassic.com



မွေးသက္ကရာဇ်-

အဖေနာမည်-

အမေနာမည်-

မှတ်ပုံတင်အမှတ်-

စသည်တို့ကို သေမင်းတို့အား နောက်ဆုံးပေးထားသည့် တန်ခိုးအရ ကြည့်ပြီး ဝင်းလွင်ဦး အဖေနာမည်၊ အမေနာမည်၊ မှတ်ပုံတင် စသည်တို့ကို မှန်ကန်စွာ စစ်ဆေးပြီးနောက် သေချာပြီ ဆိုသောကြောင့် ထိုသူ့ဝိညာဉ်ကို သေမင်းက နုတ်ယူလိုက်လေ၏။

❑



ဤဝတ္ထုသည် စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါသည်။

သို့အတွက်ကြောင့် ပါဝင်သော အကြောင်းအရာ အနည်းငယ်မှလွဲ၍ ကျန်သည့် ကိစ္စများသည် စာရေးသူ၏ စိတ်ကူးများသာ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

လေးစားစွာဖြင့်

လူနေ

BURMESE CLASSIC

www.burmeseclassic.com